# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ကဆုန်လဆန်း (၁၂) ရက် ၊ တနင်္ဂနွေနေ့ ၊ (30-4-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၅၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ပန်းမော်ဆရာတော်ဘုရားကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများမေးမြန်းလျှောက်ထား



**နေပြည်တော် ဧပြီ ၂၉**

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ပန်းမော်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် ပန်းမော်ဆရာတော်ဘုရားကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားစဉ်။**




ရတနာပုံ
၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်
အယ်ဒီတာ့အာဘော်

# စာကို အကျိုးရှိရှိဖတ်ရှုခြင်း

နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတို့သည် နိုင်ငံမှထွက်ရှိသော သယံဇာတများနှင့် မသက်ဆိုင်ပေ။ နိုင်ငံအတွင်းရှိ လူသားအရင်းအမြစ်များ၏ စာပေဖတ်ရှုခြင်းမှတစ်ဆင့် ဆင့်ပွားလာသော မှန်ကန်သည့်အသိပညာ၊အများအကျိုးပြုအတတ်ပညာများ ကြွယ်ဝပြည့်စုံလာခြင်းတို့နှင့် တိုက်ရိုက်သက်ဆိုင်ပေသည်။

လူသားတိုင်းသည် ရုပ်ခန္ဓာကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးရန်အတွက် ကောင်းမွန်သောအစာအာဟာရများကို သုံးဆောင်မှီဝဲကြရသကဲ့သို့ စိတ်ဓာတ်ကြံ့ခိုင်မှုရှိရန်၊အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်ရန်၊ ကိုယ်ရည်ကိုယ်သွေးပြည့်ဝမှုဖြစ်စေရန် စာပေအာဟာရကို သုံးဆောင်မှီဝဲကြရန် လိုပါသည်။ စာဖတ်ခြင်းဖြင့် မိမိတို့၏အတွေးအခေါ် အသိပညာ၊ အမှားအမှန်ဆင်ခြင်တုံတရားများ မြင့်မားလာသည်နှင့်အမျှ ကြုံလာသည့်အခက်အခဲများကိုကျော်ဖြတ်ရန် အကြံကောင်း၊ ဉာဏ်ကောင်းများထွက်ပေါ်ကာ ဉာဏ်အမြော်အမြင်ဦးဆောင်မှုဖြင့် အခက်အခဲတိုင်းကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် စာဖတ်ခြင်းသည် ကျန်းမာရေးဆိုင်ရာကောင်းကျိုးများစွာကို ရရှိစေသည်။ စာဖတ်ခြင်းကြောင့် ဦးနှောက်အာရုံခံနိုင်မှုများ၊ သိမြင်မှုစွမ်းရည်များကိုတိုးတက်စေသည်။ လက်ငင်းအကျိုးအဖြစ် စိတ်ဖိစီးမှုများကိုပြေလျော့ကာ နှစ်ခြိုက်စွာအိပ်ပျော်စေသည့် ကျန်းမာရေးဆိုင်ရာကောင်းကျိုးများကြောင့် စာဖတ်သည့်အလေ့အထကို ငယ်စဉ်ကပင်ပျိုးထောင်လိုက်နာ ကျင့်ကြံသင့်လှသည်။

စာပေဖတ်ရှုမှုနှင့်ပတ်သက်၍ **စာအုပ်စာပေလူ့မိတ်ဆွေ၊ အလိမ္မာစာမှာရှိ** ဆိုသည့်အတိုင်း စာကောင်းပေမွန်များကိုဖတ်ရှုရန် အခွင့်အရေးရရှိသည့်အချိန်တိုင်း၌ ဖတ်မှတ်လေ့လာနေရန်လိုပါသည်။ သို့ရာတွင် စာဖတ်ကြရာ၌ စာကိုအပျင်းပြေအပျော်ဖတ်သဘောမျိုး အဖတ်များကြပါသည်။ အသိပညာဗဟုသုတရရှိအတွက် စာကိုဖတ်ခြင်းသည်ပင် အပျင်းပြေအပျော်ဖတ်ခြင်းထက် သာလွန်သော်လည်း အကျိုးရှိရှိစာဖတ်ခြင်းမဟုတ်သေးပေ။ မိမိဘဝတက်လမ်းအတွက် အထောက်အကူပြုသော စာကောင်းပေမွန်များကိုရွေးချယ်ကာ ဖတ်ရှုပြီးသည့်အချိန်တိုင်း တွေးတောဆင်ခြင်ရန် အလေ့အကျင့်ပြုရပါမည်။ စာကိုဖတ်၍ မိမိဘဝအတွက်ထူးကဲသော အကျိုးကျေးဇူးများ ထုတ်နုတ်ခံစားရပါမှ အကျိုးရှိသောစာဖတ်ခြင်း အမှန်တကယ်ဖြစ်လာပေမည်။

စာကိုအကျိုးရှိအောင်ဖတ်ရာတွင် စာအုပ်တစ်အုပ်ကိုဖတ်ကြည့်ပါ။ ဖတ်နေရင်းမကြိုက်တော့ပါက ဆက်မဖတ်ဘဲထားပြီး မိမိဘဝအတွက်အစိပ္ပာယ်ရှိမည့် စာအုပ်မျိုးကို ဆက်လက်ရှာဖွေဖတ်ရှုကြည့်ပါ။ ဖတ်နေချိန်တိုင်း ကျေနပ်နှစ်သက်နေမည်ဆိုပါက စာဖတ်သည့်အကျိုးကို စတင်ခံစားရရှိနေပြီဖြစ်ပါသည်။ ထိုမှစာဖတ်နေချိန်တိုင်း ကျေကျေနပ်နပ်နှစ်နှစ်သက်သက် အချိန်ကုန်ဆုံးသွားပါက အချိန်နှင့်အမျှ မိမိ၏အသိဉာဏ်ပညာများ၊ စာပေမှရရှိသောစိတ်ကောင်း၊ နှလုံးကောင်း၊ စေတနာကောင်းများ တိုးတက်ကိန်းအောင်းလာပါမည်။ ဘဝဖြတ်သန်းကြုံတွေ့မှုအပေါင်း၌ ရင့်ကျက်ပြည့်ဝတည်ငြိမ်မှုများ တိုးပွားလာပါက မိမိသည် စာဖတ်ခြင်း အကျိုးကျေးဇူးခံစားနေရသူ စာကိုအကျိုးရှိရှိဖတ်ခဲ့သူတစ်ဦးဖြစ်ခဲ့ကြောင်း ဆင်ခြင်ဆုံးဖြတ်နိုင်ပါသည်။

ထို့ကြောင့် စာဖတ်ကြရာတွင် မိမိဘဝ၊ မိမိအလုပ်တို့နှင့်ဆက်စပ်ပြီး ဆင်ခြင်မှုများပါပြုရပေမည်။ ကျယ်ပြန့်သောဗဟုသုတဉာဏ်အမြော်အမြင်များပြည့်မီအောင် ဖြည့်ဆည်းရပေမည်။မိမိအလုပ်နှင့်ပတ်သက်၍ အမှန်တကယ်ကျွမ်းကျင်တတ်သိလာအောင် စာကိုရွေးချယ်ပြီး ဖတ်ရှုအသုံးချနိုင်ပါက စာကိုအကျိုးအရှိဆုံးဖတ်ကြသူများဖြစ်လာမည်ဖြစ်ပြီး ဘဝကိုအခြားသူများထက် ထူးချွန်အောင်မြင်စွာဖြတ်သန်းနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဧပြီ ၂၉**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ဦးရေ ၁၁၃၁၁၀ လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေရောစနကျောက်စိမ်းစေတီတော်ကို နယ်စုံက ဘုရားဖူးတွေ လာရောက် ဖူးမြော်ကြပါတယ်။ လိုဏ်ဂူတော်အတွင်းကိုလဲ ဘုရားဖူးတွေ ဝင်ရောက်လေ့လာကြပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေလဲ ထားရှိပေးထားပြီး ဝင်ရောက်လိမ်းခြယ်သူတွေနဲ့စည်ကားနေပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဘုရားဖူးတွေက အမှတ်တရလက်ဆောင်အဖြစ် ဝယ်ယူတာတွေနဲ့ စည်ကားနေပါတယ်။ စနေ၊ တနင်္ဂနွေတို့၊ လပြည့်၊ လကွယ်တို့ဆိုရင် ဘုရားဖူးဦးရေ ပိုတိုးပါတယ်"ဟု ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၁၉၄၅ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၁၁၀၄၁၇ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၇၆၈ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ရှမ်းပြည်နယ်မှဂျုံအသစ်များ ဝင်ရောက်လာပြီး ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ဖြင့် ဈေးကောင်းရရှိနေ

**မန္တလေး ဧပြီ ၂၉**

မန္တလေး ဈေးကွက်အတွင်း ရှမ်းပြည်နယ်မှ ဂျုံအသစ်များ ဝင်ရောက်လာပြီး ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း ရှမ်းပြည်နယ်မှ အရည်အသွေးကောင်းမွန်သည့် ဂျုံအသစ်များ ဝင်ရောက်လာကြောင်း၊ ၎င်းဂျုံအသစ်များကို မန္တလေးဈေးကွက်အတွင်း ဝယ်ယူမှုပိုမိုများပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်အတွင်းမှာ ရှမ်းပြည်နယ်ကနေ ဝင်ရောက်လာတဲ့ အရည်အသွေးကောင်းမွန်တဲ့ ဂျုံအသစ်တွေကို မန္တလေးဈေးကွက်နဲ့တောင်ကြီးမြို့အပြင် အခြားမြို့တွေကပါ မှာယူမှုပြန်ပြီးများလာတယ်။ ရှမ်းပြည်နယ်က ဂျုံအသစ်တွေကိုမှာယူမှု ပြန်ပြီးများပြားလာတာကြောင့် ဂျုံအရောင်းအဝယ်ပြန်ကောင်းလာပြီး ဈေးကောင်းပါရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဧပြီလ ဒုတိယပတ်က ရှမ်းပြည်နယ်မှ ထွက်ရှိသည့် ဂျုံများကို ဝယ်ယူမှုနည်းခြင်းကြောင့် ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ သာပေါက်ဈေးရှိကြောင်း၊ ယခုအခါ ရှမ်းပြည်နယ်မှ ထွက်ရှိသည့် ဂျုံအသစ်များကို ဝယ်ယူမှုများလာခြင်းကြောင့် ဧပြီ ၂၈ ရက်တွင် ဂျုံပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ထိပေါက်ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

# မန္တလေး မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းတွင် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်မှုသင်တန်း ဖွင့်လှစ်မည်

**မန္တလေး ဧပြီ ၂၉**

မန္တလေး မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းတွင် လာမည့် မေ ၁၅ ရက်မှ မေ ၁၉ ရက်ထိ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်မှုသင်တန်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးမူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း မန်နေဂျာ ဦးညွန့်မြိုင်က ပြောပြ၍ သိရသည်။

အဆိုပါ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်မှု သင်တန်းကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသားဦးရေ ၂၀ သာ လက်ခံကာ ငါးရက်ကြာဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းမှ သင်တန်းဆင်းသွားသည့် သင်တန်းသားများကို နောက်ဆက်တွဲစောင့်ရှောက်မှုအနေဖြင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သင်တန်းဖွင့်လှစ်သွားဖို့အတွက် ဒီလကနေ စတင်လက်ခံနေပါပြီ။ သင်တန်းစရိတ်ကိုတော့ မျှခံပေးရပါမယ်။ သင်တန်းဆင်းပြီးတဲ့ သင်တန်းသားတွေကို နောက်ဆက်တွဲစောင့်ရှောက်ဖို့ပါ။ ဒါကြောင့် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်မှု သင်တန်းကို ငါးရက်ကြာပေးသွားမှာပါ။ မူးယစ်ဆေးဖြတ်ပြီးသူတွေကို သင်တန်းပေးတဲ့အခါမှာ ဆေးပြန်မသုံးစေရေး၊ ကောင်းစွာနေထိုင်နိုင်စေရေး၊ မိသားစုရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စတာတွေကိုလိုက်ပြီး စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးတွေက လုပ်ပေးတာပါ။ သင်တန်းသားတွေကို သူတို့နေထိုင်ရာပတ်ဝန်းကျင်မှာ ပြန်လည်နေထိုင်မှုဝင်ဆံ့လာစေဖို့အတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်တွေကိုလဲ သင်ကြားပေးသွားမှာပါ။ သင်တန်းသားတွေကို ကျန်းမာရေးလေ့ကျင့်ခန်းတွေလဲ ပြုလုပ်ပေးပါတယ်"ဟု ဦးညွန့်မြိုင်က ပြောပြသည်။

စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်မှုသင်တန်းတွင် မူးယစ်ဆေးနှင့်ပတ်သက်သည့် ဥပဒေအကြောင်းအရာများ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြစ်သည့် ဆိုင်ကယ်ပြုပြင်နည်းသင်တန်း၊ ဆံပင်ညှပ်သင်တန်း၊ ဆပ်ပြာဆီပြုလုပ်နည်းသင်တန်း၊ တံဆိပ်ရိုက်နည်း သင်တန်းတို့ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သိုးရာဇလမ်းနှင့် ဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စီးပွားရေးလုပ်ငန်းသုံးစိတ်ပညာ

မျိုးသူ(ကုန်သွယ်မြှင့်)

စီးပွားရေးလုပ်ငန်းများကိုကြည့်လျှင် ငွေကြေးနှင့် ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ သယ်ယူခြင်း၊ ဝန်ဆောင်မှုများပေးခြင်းတို့သာ မြင်တွေ့ရမည်ဖြစ်သည်။ ထိုစီးပွားရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသော ပုဂ္ဂိုလ်များအားလုံးသည် အဆိုပါစီးပွားရေးလုပ်ငန်းအောင်မြင်ခြင်း၊ ဆုံးရှုံးခြင်းများနှင့်ပတ်သက်လျက်ရှိသည်ကို တွေ့နိုင်သည်။ အထူးသဖြင့် စီးပွားရေးတွင် အတွင်းစည်းနှင့် အပြင်စည်းဟု နှစ်မျိုးနှစ်စား အဓိကခွဲခြားနိုင်သည်ဟု ယူဆမိသည်။ အတွင်းစည်းတွင် ပါဝင်သောပုဂ္ဂိုလ်များမှာ ကုန်စည်တစ်ခုကိုထုတ်လုပ်သော သို့မဟုတ် ရောင်းဝယ်သောလုပ်ငန်းရှင်နှင့် ကုန်ပစ္စည်းထုတ်လုပ်ခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း၊ ရောင်းဝယ်ခြင်းများတွင် အဓိကပါဝင်နေသောမန်နေဂျာများ၊ ဝန်ထမ်းများ၊ အလုပ်သမားများဖြစ်ကြသည်။ အပြင်စည်းတွင် ပါဝင်သောပုဂ္ဂိုလ်များမှာ သယ်ယူပို့ဆောင်သူများ၊ ပညာရှင်များ၊ သုတေသနဆောင်ရွက်သူများနှင့် စားသုံးသူများပါဝင်သည်ဟုဆိုနိုင်သည်။

အဆိုပါ စီးပွားရေးလုပ်ငန်းတစ်ခု၊ ကဏ္ဍတစ်ခုတွင် ပါဝင်သောပုဂ္ဂိုလ်အားလုံးကို Stakeholder ဟု ခေါ်ထားသဖြင့် အဆိုပါပုဂ္ဂိုလ်များအားလုံးသည် လုပ်ငန်းအောင်မြင်ရေးတွင် တစ်နည်းမဟုတ်တစ်နည်း ပါဝင်ပတ်သက်နေကြသည်ဟု ပြောရခြင်းဖြစ်သည်။ လုပ်ငန်းတစ်ခုကိုလုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရသည်၊ နည်းစနစ်တကျ ဈေးကွက်ကို လေ့လာသုံးသပ်ရသည်၊ ရောင်းဝယ်ရသည်များရှိသည့် အခါတွင် အခြားသောပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆက်ဆံမှုများကို ဆောင်ရွက်ကြရသည်။ ရင်းနှီးသည်လည်း ရှိသကဲ့သို့ ယခုမှ မြင်ဖူး၊ တွေ့ဖူး၊ ဆက်ဆံဖူးသော လူစိမ်းများလည်း ပါဝင်နေမည်ဖြစ်သည်။ မည်သို့သော ဆက်ဆံရသူဖြစ်စေ မိမိ၏ကုန်ပစ္စည်းများကို ဝယ်ယူရန် သို့မဟုတ် ကောင်းစွာဆောင်ရွက်ပေးရန် လိုအပ်သည်။

ထို့ပြင် အတွင်းစည်းမှ မန်နေဂျာများ၊ ဝန်ထမ်းများနှင့် အလုပ်သမားများသည်လည်း လုပ်ငန်းအောင်မြင်ရေးအတွက် များစွာအရေးပါသည်။ ထိုအတွင်းစည်းမှ ပုဂ္ဂိုလ်များနှင့် ပြင်ပမှဆက်ဆံရသည့်ပုဂ္ဂိုလ်များအားလုံးသည် မိမိလုပ်ငန်းကို အောင်မြင်ရေးတွင် မည်သို့လုပ်ဆောင်ပေးမည်၊ မလုပ်ပေးမည်ကို သိနေရန်လိုအပ်သည်။ ထို့ပြင် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးချင်သည့်စိတ်မျိုးဖြစ်လာစေရန်လည်း စိတ်ဓာတ်ခွန်အားကို အားပေးမြှင့်တင်ပေးနိုင်ရန် လိုအပ်သည်။

ထိုကဲ့သို့သော ဈေးကွက်သုတေသနဆောင်ရွက်ခြင်း၊ ဈေးကွက်ဖော်ဆောင်ခြင်း၊ ဖောက်သည်များ၏ ဝယ်လိုစိတ်၊ လိုအင်ဆန္ဒများကို သိရှိနေရန် လိုအပ်လာသည်။ ထို့ပြင် မိမိလုပ်ငန်းမှ ဝန်ထမ်းများသည်လည်း လုပ်ငန်းအောင်မြင်စေရန်အတွက် ကြိုးစားလိုစိတ်၊ အောင်မြင်လိုစိတ်များ ကိန်းအောင်းလာစေရန်အတွက် လှုံ့ဆော်ပေးနိုင်ရန် လိုအပ်သည်။ ထိုသို့လုပ်ကိုင်နိုင်ရန်အတွက် လုပ်ငန်းရှင်များသည်လည်းကောင်း၊ အကြီးတန်းမန်နေဂျာများမှအစ အရောင်းစာရေးများ၊ ဈေးကွက်မြှင့်တင်ရေးသမားများအားလုံးသည်လည်းကောင်း စီးပွားရေးလုပ်ငန်းဆိုင်ရာစိတ်ပညာကို အထိုက်အလျောက်နားလည်ရန် လိုအပ်လာသည်။

စီးပွားရေးဆိုင်ရာစိတ်ပညာရပ်သည် အသုံးချသိပ္ပံပညာတစ်ရပ်ဖြစ်ပြီး လူများနှင့် အဖွဲ့အစည်းများကို ပိုမိုထိရောက်အောင်မြင်စေရန်အတွက် လေ့လာစုံစမ်းသောပညာဖြစ်သည်။ လူမှုရေးသိပ္ပံလေ့လာ ဆန်းစစ်မှုများတွင် လူများ၊ အလုပ်လုပ်သည့်နေရာများကို လေ့လာခြင်း၊ အဖွဲ့အစည်းကို လေ့လာသုံးသပ်ဆန်းစစ်ခြင်းများကို ဆောင်ရွက်ရသည်။ ဆန်းစစ်မှုများမှာ အဆိုပါပုဂ္ဂိုလ်များ၏လိုအပ်ချက်များ၊ လိုချင်ဆန္ဒများကို လေ့လာသုံးသပ်ကြခြင်းဖြစ်သည်။ လေ့လာသုံးသပ်ချက်များကို လက်တွေ့အသုံးချခြင်းဖြင့် ပိုမိုကောင်းမွန်သောစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်လာစေရန်နှင့် အဖွဲ့အစည်းများနှင့် ပိုမိုလိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက်နိုင်လာမည်ဖြစ်သည်။ လူသားတို့၏စိတ်ပိုင်းဆိုင်ရာကို လေ့လာသုံးသပ်သော စိတ်ပညာနှင့် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲသည့်ပညာနှစ်ခုကိုပေါင်းစပ်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ထိရောက်ထက်မြက်ရေးနှင့် စီးပွားရေးလုပ်ငန်း၏ ဓလေ့ထုံးစံများကို တိုးတက်လာစေရန်ဆောင်ရွက်နိုင်သည့်အပြင် အလုပ်ခွင်ဝန်းကျင်ရှိ လုပ်သားများ၊ ဝန်ထမ်းများ၏ လုပ်ကိုင်လိုစိတ်မြှင့်တင်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာခံစားချက်များကို သိနားလည်ပြီး ကူညီဆောင်ရွက်ပေးနိုင်ခြင်း၊ ကောင်းမွန်သောအပြုသဘောဆောင်သည့် စိတ်ပိုင်းဆိုင်ရာမျိုးပေါ်ထွက်လာစေရန် ဆောင်ရွက်ပေးခြင်းများ လုပ်ဆောင်နိုင်သည်။

❖ လူသားတို့၏စိတ်ပိုင်းဆိုင်ရာကို လေ့လာသုံးသပ်သောစိတ်ပညာနှင့် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲသည့်ပညာနှစ်ခုကိုပေါင်းစပ်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ထိရောက်ထက်မြက်ရေးနှင့် စီးပွားရေးလုပ်ငန်း၏ ဓလေ့ထုံးစံများကို တိုးတက်လာစေရန်ဆောင်ရွက်နိုင်သည့်အပြင် အလုပ်ခွင်ဝန်းကျင်ရှိ လုပ်သားများ၊ ဝန်ထမ်းများ၏ လုပ်ကိုင်လိုစိတ်မြှင့်တင်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာခံစားချက်များကို သိနားလည်ပြီး ကူညီဆောင်ရွက်ပေးနိုင်ခြင်း၊ ကောင်းမွန်သောအပြုသဘောဆောင်သည့် စိတ်ပိုင်းဆိုင်ရာမျိုးပေါ်ထွက်လာစေရန် ဆောင်ရွက်ပေးခြင်းများလုပ်ဆောင်နိုင်သည်။ ❖

စိတ်ပညာနှင့် စီးပွားရေးကိစ္စများဆက်စပ်မှုကို နားလည်ခြင်းဖြင့် ကုမ္ပဏီ၏အရေးကြီးသောကဏ္ဍများကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် ဖောက်သည်များနှင့် စားသုံးသူများ၏ စိတ်နေသဘောထားကို ပိုမိုသိရှိလာပြီး ရောင်းရေးဝယ်တာကို ပိုမိုအဆင်ပြေချောမွေ့စေနိုင်သည်။ လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းနှင့် လုပ်သားများကို ကုန်ထုတ်လုပ်မှုစွမ်းအားတိုးလာစေနိုင်ရန် စိတ်ခွန်အားမြှင့်တင်ပေးနိုင်သည်။ လုပ်သားများ၏စိတ်ဓာတ်ပိုင်းဆိုင်ရာအခက်အခဲများကိုလည်း ကူညီနိုင်သည်။ ကုန်ပစ္စည်းများကို စက်များဖြင့် အမြောက်အမြားထုတ်လုပ်သည့်အခါ လုပ်သားများသည် တစ်နေရာတည်းတွင် အလုပ်တစ်ခုတည်းကိုသာ စဉ်ဆက်မပြတ်လုပ်ကိုင်ရသည့်ကာလကြာမြင့်သည်နှင့်အမျှ စိတ်ဓာတ်ကျဆင်းခြင်း၊ လုပ်ငန်းခွင်ကိုငြီးငွေ့ခြင်း စသည့်ခံစားမှုများ ဖြစ်ပေါ်လာပြီး လုပ်ငန်းအောင်မြင်မှုနှင့် ကုန်ထုတ်စွမ်းအားကျဆင်းခြင်းကို ဖြစ်ပေါ်စေသည်။ ဥပမာအားဖြင့် မော်တော်ကားတပ်ဆင်သောစက်ရုံတစ်ခုတွင် ယာဉ်မောင်းထိုင်ခုံတပ်ဆင်ရသူသည် တစ်နေ့လျှင် ရှစ်နာရီလုံး အဆိုပါ တစ်နေရာတည်းတွင်ပင် မူလီစုပ်ခြင်း၊ နတ်ကျပ်ခြင်း၊ အထိုင်ချခြင်း စသည့်ကိစ္စတစ်ခုကိုသာ ထပ်တလဲလဲဆောင်ရွက်ရသည့်အတွက် ငြီးငွေ့မှုနှင့် အမှားအယွင်းများပြားမှုများသည် အချိန်ကြာမြင့်သည်နှင့်အမျှ ပေါ်ပေါက်လာတတ်သည်။

ထို့ကြောင့် စဉ်ဆက်မပြတ် လိုင်းဖြင့်တပ်ဆင်ထုတ်လုပ်သည့်စက်ရုံတွင် လုပ်ကိုင်သောဝန်ထမ်းများကို မကြာခဏအနားပေးပြီး စက်ရုံအတွင်းအနားယူနိုင်သည့်နေရာ၊ အားကစားလုပ်နိုင်သည့်နေရာများထားရှိကာ စိတ်အပန်းဖြေနိုင်ရန် ဆောင်ရွက်ပေးတတ်သည်။ အချို့သောလုပ်ငန်းရှင်များသည် လုပ်သားများကို စက်ရုပ်သဖွယ် မညှာမတာခိုင်းစေမှုများလည်း ရှိတတ်ပြီး ထိုအခါတွင် ကုန်ထုတ်စွမ်းအားသည် တိုးမလာဘဲ ကျဆင်းလာတတ်သည်ဟုဆိုသည်။ ထို့ကြောင့် ဂျပန်နိုင်ငံရှိ အချို့သောကုမ္ပဏီကြီးများသည် တစ်ပတ်လျှင် အလုပ်လုပ်ရသည့်ရက်ကို ငါးရက် သို့မဟုတ် ခြောက်ရက်သတ်မှတ်ခြင်းအစား တစ်ပတ်လျှင် လေးရက်သာလုပ်ကိုင်စေခြင်းမျိုးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် ကုန်ထုတ်စွမ်းအားကိုကျဆင်းမှုမရှိစေဘဲ ကုန်ထုတ်စွမ်းအားကို ပိုမိုတိုးတက်လာစေသည်ဟု သိရသည်။

**Maslow's Hierarchy of Needs**

စီးပွားရေးနှင့် စိတ်ပညာတို့ဆက်စပ်သည့် အတွေးအခေါ်များထဲတွင် မက်စလို၏လိုအပ်ချက် ပိရမစ် Maslow's Hierarchy of Needs သည် ထင်ရှားသောသာဓကတစ်ခုဖြစ်သည်ဟု ဆိုချင်သည်။ လူသားတို့၏လိုအင်ဆန္ဒကို ဖော်ထုတ်ပြခြင်းဖြင့် လူသားတို့သည် မည်သည့်အချက်များကိုအဓိကထားသည်၊ စိတ်ပိုင်းဆိုင်ရာခံစားမှုများနှင့် လိုအပ်ချက်များသည် မည်သို့ရှိသည်တို့ကို လေ့လာသိရှိနိုင်သည်။ ထိုသို့သိရှိလာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းကဏ္ဍတစ်ခုတွင် ပါဝင်ပတ်သက်သူများ Stakeholder အားလုံး၏လိုအင်ဆန္ဒများ၊ လိုအပ်ချက်များကိုလေ့လာသိရှိထားပြီး ကုန်ထုတ်စွမ်းအားတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်သည်။ မက်စလိုက အဆိုပါပိရမစ်တွင် လူသားတို့၏ အခြေခံအကျဆုံးလိုအပ်ချက်သည် အသက်ရှင်ရပ်တည်နိုင်ရေး၊ စားရေး၊ သောက်ရေး၊ သင့်တော်သောနေစရာရှိရေး၊ သင့်တော်သောဝတ်စရာရှိရေးတို့ဖြစ်သည်ဟု ဖော်ပြထားသည်။

ထိုအခြေခံလိုအပ်ချက်များ ပြည့်စုံသည်နှင့် တစ်ပြိုင်နက် ဒုတိယအဆင့်လိုအပ်ချက်များ ဖြစ်ပေါ်လာသည်ဟုဆိုသည်။ ဒုတိယအဆင့်သည် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဖူလုံရေးဖြစ်သည်။ ကျန်းမာရေးကောင်းမွန်ရန်၊ အလုပ်အကိုင်ရှိရန်၊ ပိုင်ဆိုင်မှုများရှိလာရန်၊ မိသားစု၊ လူမှုပတ်ဝန်းကျင် မိတ်ဆွေများနှင့် ကောင်းမွန်သောဆက်ဆံရေးရှိရန် လူသားတို့၏ ဒုတိယအဆင့်လိုအပ်ချက်များဖြစ်သည်ဟုဆိုသည်။ တတိယအဆင့်မှာ လူမှုရေးဆိုင်ရာအပိုင်းဖြစ်သည်။ တတိယအဆင့်တွင် မိတ်ဆွေပေါင်းသင်းဆက်ဆံရေး၊ မိသားစု၊ ချစ်မေတ္တာတရား၊ ရင်းနှီးကျွမ်းဝင်မှု၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနှင့် လူမှုရေးစွမ်းရည်များ စသည့် လူမှုရေးဆက်ဆံရေးကိစ္စရပ်များကို လိုအပ်ခြင်းဖြစ်သည်ဟု သိရသည်။ စတုတ္ထအဆင့်မှာ ပိုမိုပြည့်စုံလာသည့်အခြေအနေတွင် လူသားသည် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိလာပြီး အောင်မြင်မှုများ ရရှိခြင်း၊ အခြားသူများ၏ လေးစားချစ်ခင်ခံရခြင်း စသည့်အချက်များကိုရရှိရန် လိုလားလာကြသည်။ ထိုအချက်များကိုရရှိခြင်းဖြင့် မိမိဘာသာ ကျေနပ်နှစ်သက်မှုကိုရရှိစေသည်ဟုဆိုသည်။ နောက်ဆုံးအဆင့် လူသား၏လိုအပ်ချက်၊ လိုလားချက်မှာ မှန်ကန်မှုရှိခြင်းဖြစ်သည်။ အကျင့်စာရိတ္တပိုင်းဆိုင်ရာများကောင်းမွန်ရန်၊ ကိုယ်တိုင်ဖန်တီးထုတ်လုပ်နိုင်ရန် လိုလားလာကြသည်။ ထိုသို့ ကိုယ်တိုင်ဖန်တီးနိုင်စွမ်းရှိသည့်လူသားအဖြစ်ကို နောက်ဆုံးအဆင့်အနေဖြင့် လိုလားလာကြသည်။ ထိုကဲ့သို့သော လူသားတို့၏ အဆင့်ငါးဆင့်လိုအပ်ချက်၊ လိုလားချက်များကိုသိရှိခြင်းဖြင့် လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသော မန်နေဂျာများ၊ ဝန်ထမ်းများ၊ လုပ်သားများ၊ အခြားသောပတ်ဝန်းကျင်မှ ဆက်ဆံနေရသည့် အမျိုးမျိုးသော ပုဂ္ဂိုလ်များ၏ လိုလားချက်များ၊ လိုအပ်ချက်များကို မည်ကဲ့သို့ဖြည့်ဆည်းပေးခြင်းဖြင့် လုပ်ငန်းအောင်မြင်မှုများကိုပါ ဆက်စပ်ဆောင်ရွက်နိုင်လာမည်ဖြစ်သည်။

နေပြည်တော်တွင် အောင်မြင်နေသော ပုဂ္ဂလိက ကုန်တိုက်ကြီးတစ်ခု၏ပိုင်ရှင်သည် လုပ်ငန်းမဖွင့်ဖြိုးမီက သူ၏ဆိုင်တွင် မည်သည့်ပစ္စည်းများတင်၍ ရောင်းချရမည်ကို သိရှိနိုင်ရန်အတွက် မြို့ပေါ်မှ အမှိုက်ပုံများကို လေ့လာခဲ့သည်ဟုဆိုသည်။ ထိုအမှိုက်ပုံများတွင် မည်သည့်ထုပ်ပိုးခွံများကို များများစားစားတွေ့ရသည်ကို လေ့လာကြည့်ခြင်းဖြင့် နေပြည်တော်တစ်ဝိုက်ရှိ စားသုံးသူများကြိုက်နှစ်သက်မှုကို သိရှိနိုင်ပြီး သူ၏ဆိုင်တွင် မည်သည့်ကုန်ပစ္စည်းမျိုးကိုတင်၍ ရောင်းချရမည်ကို ခန့်မှန်းခဲ့သည်ဟု ကြားဖူးခဲ့သည်။

**လိုအပ်ချက်နှင့် လိုအင်ဆန္ဒ**

လူသားများအလုပ်လုပ်ကိုင်ကြသည်မှာ အခြေခံအားဖြင့် အသက်ရှင်ရပ်တည်ရေးနှင့် စားဝတ်နေရေးအတွက် လုပ်ကိုင်ကြသည်ဖြစ်သည်။ ဤနေရာတွင် လိုအပ်ချက်နှင့် လိုအင်ဆန္ဒ Needs and Wants ကြောင့် အလုပ်လုပ်ကြသည်ဟုလည်း ဆိုနိုင်သည်။ အခြေခံလိုအပ်ချက်များကိုရရှိရန် အလုပ်လုပ်ကြပြီး အခြေခံလိုအပ်ချက်ပြည့်စုံသည့်အခါတွင် လိုအင်ဆန္ဒကိုဖြည့်ဆည်းရန် ဆက်လက်ကြိုးစားတတ်ကြသည်။ ထိုအခါတွင် လိုအင်ဆန္ဒသည် မည်သည့်အခါမျှ ပြည့်စုံသည်ဟူ၍ မရှိတတ်သဖြင့် လိုအင်ဆန္ဒကို ဖြည့်ဆည်းရန်ကြိုးစားရင်း ဘဝကိုဖြတ်သန်းနေကြသည်ဟုဆိုချင်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများတွင် လိုအပ်ချက်နှင့် လိုအင်ဆန္ဒကိုဖြည့်ဆည်းနိုင်သည့်ကုန်ပစ္စည်းများကို ထုတ်လုပ်လာကြပြီး လူသားတို့၏စိတ်တွင်းမှ လိုအပ်ချက်ကိုဖြည့်ဆည်းရန်နှင့် လိုအင်ဆန္ဒကိုဖြည့်ဆည်းရန်ဟူသော ရည်မှန်းဖောက်သည်များ Target Customers ကွဲပြားလာစေသည်။ လူငယ်နှင့် လူလတ်များအပြင် အသက်ကြီးသူများသည်လည်း ယခုခေတ်တွင် နည်းပညာဖြင့် တီထွင်ထုတ်လုပ်ထားသော တယ်လီဖုန်းအပါအဝင် ဆက်သွယ်ရေးဆိုင်ရာနည်းပညာများကို နားလည်ရန် လိုအပ်လာပြီး မကြာမီတွင် တစ်ကမ္ဘာလုံးတွင် နည်းပညာကိုနားလည် သောမျိုးဆက်များကသာ စီးပွားရေးလုပ်ငန်းများကို လွှမ်းမိုးလာမည်ဟုဆိုသည်။

ထို့ကြောင့် အချို့သောနည်းပညာသုံးစက်ကိရိယာများသည် လူသားတို့၏လိုအင်ဆန္ဒကိုဖြည့်ဆည်းပေးရုံမျှမကဘဲ အခြေခံလိုအပ်ချက်များအဖြစ်သို့ပါ ရောက်ရှိလာသည်။ ပညာရပ်များတွင်လည်း မူလပညာရပ်အပြင် ကွန်ပျူတာနှင့် ချိတ်ဆက်အသုံးပြုရသည့် နည်းပညာများကိုပါနားလည်ရန် လိုအပ်လာသည်။ ဥပမာ- မျက်စိဆရာဝန်တစ်ဦးသည် မျက်စိကို မှန်ဘီလူးဖြင့်ကြည့်ပြီး ရောဂါကိုခွဲခြားဆုံးဖြတ်နိုင်ရန် လိုအပ်သကဲ့သို့ လေဆာရောင်ခြည်သုံးခွဲစိတ်ခြင်းကဲ့သို့သောနည်းပညာကို သုံးစွဲတတ်ရန်လည်း ယခုခေတ်တွင် လိုအပ်လာသည်။ ထိုအရာများကို သီးခြားစီဖြစ်သောပညာရှင်နှစ်ဦးက သုံးစွဲပြီး လုပ်ငန်းဆောင်ရွက်သည်ထက် ပညာရှင်တစ်ဦးတည်းကသာ ပညာရပ်နှစ်မျိုးကို တတ်သိနားလည်သုံးစွဲနိုင်ခြင်းက ပိုမိုကောင်းမွန်သည့်အတွက် နည်းပညာနှစ်မျိုးကျွမ်းကျင်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ရန်ကုန်တိုင်းဒေသကြီးရှိ ဟိုတယ်များနှင့် ဈေးဝယ်စင်တာကြီးများတွင် လျှပ်စစ်သုံးမော်တော်ယာဉ်များအတွက် Charging Station များထားရှိမည်

**ရန်ကုန် ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီးရှိ ဟိုတယ်များနှင့် ဈေးဝယ်စင်တာကြီးများတွင် လျှပ်စစ်သုံးမော်တော်ယာဉ် (EV) များအတွက် Charging Station များ ထားရှိသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်က ပြောပြ၍ သိရသည်။

နိုင်ငံတစ်ဝန်း လျှပ်စစ်သုံးမော်တော်ယာဉ် (EV) များအတွက် Charging Station များကို အဝေးပြေးလမ်းမကြီးများပေါ်နှင့် အဝေးပြေးယာဉ်ရပ်နားစခန်းများတွင် တပ်ဆင်ထားပြီးဖြစ်ကာ ယာဉ်သွားလာမှုများပြားသည့် ရန်ကုန်တိုင်းဒေသကြီးရှိ ဟိုတယ်များနှင့် ဈေးဝယ်စင်တာကြီးများတွင်လည်း ယခုနှစ် ဒီဇင်ဘာလအတွင်း Charging Station များ တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိကာလမှာ နိုင်ငံတကာမှာလဲ EV မော်တော်ယာဉ်တွေကို တွင်ကျယ်စွာအသုံးပြုလာပြီဖြစ်သလို မြန်မာနိုင်ငံမှာလဲ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာလဲ EV မော်တော်ယာဉ်တွေအတွက် Charging Station တွေကို အဝေးပြေးကားဂိတ်တွေမှာ တပ်ဆင်ထားသလို အဝေးပြေးလမ်းမကြီးတွေမှာလဲ Charging Station တွေ တပ်ဆင်ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ စီးပွားရေးအချက်အချာကျပြီး လူဦးရေထူထပ်တဲ့ ရန်ကုန်မြို့မှာလဲ အများပြည်သူ အသုံးပြုမှုများတဲ့ Shopping Center တွေ၊ Hotel တွေမှာ တပ်ဆင်သွားဖို့ရှိပါတယ်။ EV မော်တော်ယာဉ်တွေကို Taxi ယာဉ်အဖြစ် တွင်ကျယ်စွာအသုံးပြုနိုင်ဖို့အတွက် ကူးသန်းသွားလာမှုများတဲ့ အများနဲ့သက်ဆိုင်တဲ့ နေရာတွေမှာလဲ တပ်ဆင်သွားမှာဖြစ်ပါတယ်"ဟု ဒေါက်တာ တိုးအောင်က ပြောပြသည်။

လက်ရှိတွင် ပြည်သူများအနေဖြင့် EV ယာဉ်များကို စိတ်ဝင်စားမှုများပြားနေပြီး နိုင်ငံတော်ကလည်း EV ယာဉ်များကို ပြီးခဲ့သည့် ဧပြီ ၁ ရက်မှစ၍ လမ်းအသုံးပြုခအပါအဝင် အခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

ASH




➤ စာမျက်နှာ ၄ မှအဆက်

သူများကို လုပ်ငန်းကပိုမိုလိုအပ်လာသည်။ အလားတူပင် ဆေးရုံ ဆေးခန်းများတွင်လည်း ခွဲစိတ်ခန်းသုံးကွန်ပျူတာနည်းပညာများကို တတ်ကျွမ်းသည့်သူနာပြုဆရာမများကို ပိုမိုလိုအပ်လာသည်ကို တွေ့နိုင်သည်။ လူနာများ၏လိုအပ်ချက်နှင့် လိုအင်ဆန္ဒမှာလည်း နာကျင်မှုဝေဒနာနည်းနိုင်သမျှနှင့် ရောဂါပျောက်ကင်းစေရေးဖြစ်သဖြင့် နည်းပညာသုံး၍ ရောဂါကုသခြင်းသည် မရှိမဖြစ်ကုထုံးများဖြစ်လာသည်။ တစ်ဖက်တွင်လည်း နည်းပညာနားလည်သည့်ပညာရှင်များလိုအပ်လာသည်။ ထို့ကြောင့် ယခုခေတ်တွင် လူသားဆန်သည့်စီးပွားရေးလုပ်ငန်းများကို နည်းပညာများသုံး၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်လာသည်ကိုတွေ့ရသည်။

**ပိုမိုလိုအပ်လာသော စီးပွားရေးလုပ်ငန်းသုံးစိတ်ပညာ**

စီးပွားရေးလုပ်ငန်းများတွင် နည်းပညာများ၊ စက်ကိရိယာများကို သုံးစွဲပြီး ကုန်ထုတ်လုပ်ခြင်းများကြောင့် လူသားများသည် စက်ရုပ်ဆန်လာပြီး ခံစားချက်များမဲ့လာကြသည်ဟုဆိုသည်။ ထိုသို့အခြေအနေကြောင့် လက်ရှိ အိုင်တီနည်းပညာသုံးစွဲလာသည့်ခေတ်တွင် လူသားများသည် နည်းပညာများကြောင့် လူတစ်ဦးနှင့်တစ်ဦး ထိတွေ့ဆက်ဆံရသည့်အခါတွင်လည်း ပိုမိုကောင်းမွန်လာသည်ကို တွေ့နိုင်သည်။ တစ်ဖက်တွင်လည်း နည်းပညာများအဆင့်မြင့်လာသည်နှင့်အမျှ နည်းပညာကိုနားလည်သည့် ပညာရှင်များလည်း လိုအပ်လာသည်။ စက်ကိရိယာများကြောင့် စက်ရုပ်ဆန်လာသည့်လူသားများသည် နည်းပညာများကြောင့် လူသားဆန်လိုလာကြသည်ဟု ဆိုနိုင်သည်။ စက်ရုပ်ဆန်လာသောလူသားများ၏စိတ်ပညာကို ပိုမိုနားလည်ရန်လိုအပ်လာပြီး နည်းပညာသုံးစွဲမှုနှင့် လူသားဆန်မှုများ အချိုးညီညီဆောင်ရွက်နိုင်ရေးမှာ ခေတ်၏လိုအပ်ချက်ဖြစ်လာသည်။

ထို့ကြောင့် စီးပွားရေးလုပ်ငန်းများတွင်လည်း လူသားတို့၏စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများကို ပိုမိုသိရှိရန် နည်းပညာသုံးဆောင်ရွက်လာကြသည်ကို တွေ့နေရသည်။ အထူးသဖြင့် ဈေးကွက်ဖော်ဆောင်သည့်ကိစ္စ Marketing နှင့် ဈေးကွက်သုတေသနလုပ်ငန်းများ Market Research တွင် စီးပွားရေးစိတ်ပညာသည် ပိုမိုလိုအပ်လာသည်ကို တွေ့နိုင်သည်။ စီးပွားရေးလုပ်ငန်းသုံးစိတ်ပညာရပ်သည် လုပ်ငန်းခွင်တွင် လုပ်သားများပျော်မွေ့အောင်ထားနိုင်ရေးတွင် အကူအညီပေးနိုင်သည်။ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လှုံ့ဆော်မှုနှင့် လုပ်ငန်းခွင်ပျော်ရွှင်အောင် ကူညီဆောင်ရွက်ပေးနိုင်သည်။ ထို့ပြင် ဖောက်သည်များ၏လိုအပ်ချက်နှင့် လိုအင်ဆန္ဒများကို ခန့်မှန်းသုံးသပ်နိုင်ပြီး ကုန်ပစ္စည်းအသစ်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်မည်ဖြစ်သည်။ ဝန်ထမ်းနှင့် လုပ်သားအသစ်များခန့်ထားရန် လိုအပ်လာသည့်အခါတွင် လုပ်ငန်းအပေါ် ထားရှိမည့်စိတ်နေသဘောထား၊ လုပ်ကိုင်လိုစိတ်မည်မျှရှိသည်၊ အကျင့်စာရိတ္တမည်မျှကောင်းမွန်မည်တို့ကို စိစစ်နိုင်ပြီး ဝန်ထမ်းကောင်းများရရှိရေးကို စိတ်ပညာဖြင့် ကူညီရှာဖွေပေးနိုင်မည်ဖြစ်သည်။

အချုပ်ဆိုရလျှင် အရာရာကို စိတ်ကသာဦးဆောင်နေသည်ဖြစ်သဖြင့် ရုပ်ပိုင်းဆိုင်ရာပိုမိုကောင်းမွန်ရေးတွင်လည်း စီးပွားရေးလုပ်ငန်းများ အောင်မြင်ရန်၊ ကုန်ထုတ်လုပ်မှုတိုးတက်ရန်ကိစ္စများတွင်လည်း လုပ်ငန်းသုံးစိတ်ပညာများ၏အခန်းကဏ္ဍသည် များစွာအရေးပါလာသည်ကို တွေ့နိုင်သည်။ ထို့ပြင် မျိုးဆက်များအလိုက် လိုအပ်ချက်များနှင့် လိုအင်ဆန္ဒများကိုလည်း ခန့်မှန်းနိုင်ပြီး လုံခြုံစိတ်ချရမှု၊ ဘေးအန္တရာယ်ကင်းရှင်းမှုစသည့်အချက်များကိုလည်း ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ကျောင်းသားတံခွန် လူရည်ချွန်

- ပင်မြင့်သဇင် ပန်းတော်ဝင်နှင့်
  အသွင်တူလှ အချိုးကျ၍
  လှပဝတ်စုံ ဦးထုပ်ပုံနှင့်
  အကုန်ချစ်ဖွယ် မောင်နှင့်မယ်သည်
  တကယ်ရိုးသား စာကြိုးစား၍
  အများအကျိုး လွန်သယ်ပိုးကာ
  ကိုယ်ကျိုးမဖက် ကျောင်းကျိုးရွက်၍
  မပျက်ကျေပွန် စာပေဝန်တို့
  အလွန်ပြည့်ဝ ငါးဗလပြင်
  မိဘရှိသေ ဆရာတွေကို
  လိုလေမရှိ ကျေးဇူးသိကြောင့်
  သင်၏တံခွန် မိုးသို့ချွန်၏။

- ယောကျ်ားတံခွန် လူရည်ချွန်က
  တိမ်စွန်တမွတ် ကြယ်ကိုဆွတ်လည်း
  မလွတ်စတမ်း ရမြဲလမ်းဟု
  ရှေးကျမ်းမိန့်စာ သူလိုက်နာ၍
  ပညာရရန် ဇွဲအားမာန်ဖြင့်
  ချိန်မှန်ကြိုးစား လှံ့လထားလျက်
  ပျင်းအားမထူ သတိမူ၍
  အတူတကွ ဝီရိယကို
  ရှေ့မှတန်းတင် သူ့လမ်းစဉ်သည်
  အောင်မြင်မှု၏ရလဒ်တည်း။

- "ယနေ့လူငယ် နောင်ဝယ်လူကြီး"
  စကားမှီးက
  အသီးသီးလူငယ် ဉာဏ်သွယ်သွယ်ဖြင့်
  တကယ်ခွန်အား စွမ်းပကားတို့
  ရှိငြားကေန် ပြည့်သူမှန်၍
  တစ်ဖန်မကြာ နောင်အခါဝယ်
  မြန်မာပြည်အား သင်တို့အားဖြင့်
  ဘိုးဘွားအမွေ သင်တို့မြေကို
  အရှည်တည်တံ့ ကမ္ဘာခန့်အောင်
  သန့်ပြန့်စေတနာ ထားလိုပါ၏။

- ဤသို့များပြား ဂုဏ်ရည်များကြောင့်
  သင့်အားကြိုဆို ပြည်ဗဟိုက
  ထိုထိုချိုးမြှင့် စခန်းဖွင့်ကာ
  အဆင့်မီပေ ပုဂံမြေနှင့်
  ကမ်းခြေငွေဆောင် ရှမ်းပြည်တောင်မှ
  အခေါင်အထိး မြို့တောင်ကြီးဝယ်
  စုစည်းနားခို စိတ်ပျိုပျိုဖြင့်
  ခုလိုခွင့်ကောင်း အသင့်ချောင်းလျက်
  စုပေါင်းရောက်လာ ဆွေသဟာကို
  ပမာတစ်ခု ပြည်ထောင်စုဟု
  အပြုသဘော ဆင်ခြင်နှော၍
  မနှောဖြူစင် ချစ်ကျွမ်းဝင်လျက်
  အစဉ်ငြိမ်းချမ်း ပြည်တစ်ဝှမ်း(ဝန်း)မှ
  ကျောင်းခန်းတံခွန် လူရည်ချွန်ကို
  အမွန်အမြတ် ဂုဏ်ပြုအပ်သည်
  ရှေ့လာဘ်မြင်လို့ပါတကား။ ။

**မန္တလာပြေ**

## နိုင်ငံတကာ သတင်းများ

# ရုရှားထိန်းချုပ်မှုအောက်ရှိ ယူကရိန်းနယ်မြေလေးခုအတွက် နိုင်ငံသားဖြစ်ခွင့်ဆိုင်ရာအမိန့်ဒီကရီ ရုရှားသမ္မတ လက်မှတ်ရေးထိုး



**မော်စကို ဧပြီ ၂၈**

ရုရှား အချုပ်အခြာအောက် ထည့်သွင်းထားသော ယူကရိန်း နယ်မြေ လေးခုတို့မှ ပြည်သူများ အတွက် ရုရှားနိုင်ငံသားဖြစ်ခွင့် ပေးမှုဆိုင်ရာ အမိန့်ဒီကရီတစ်ရပ် ကို ရုရှားသမ္မတပူတင်က ဧပြီ ၂၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားသမ္မတပူတင်၏ အဆိုပါ အမိန့်ဒီကရီ၌ ဒွန်းနက်ခ်ဒေသ၊ လူးဟန့်ခ်ဒေသ၊ ခါဆန်ဒေသနှင့် ဇာပိုရစ်ဇီယာဒေသများ အကျုံးဝင် ကြောင်း သိရသည်။

သမ္မတပူတင်၏ နိုင်ငံသား ဖြစ်ခွင့်အမိန့်ဒီကရီအရ အဆိုပါ နယ်မြေလေးခုရှိ ယူကရိန်းနိုင်ငံ သားများ၊ ရုရှားနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများအနေဖြင့် ရုရှားနိုင်ငံသားအဖြစ် ခံယူခွင့် လုပ်ငန်းစဉ် သို့မဟုတ် နိုင်ငံသား သတ်မှတ်တရားဝင်အတည်ပြုရေး လုပ်ငန်းစဉ်များကို မကြာမီကာလ အတွင်း စတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သို့သော် အဆိုပါလုပ်ငန်းစဉ် များအား ၂၀၂၄ ခုနှစ်ဇူလိုင် ၁ ရက် ထိပြုလုပ်မှုမရှိသူများကို နိုင်ငံခြား သားအဖြစ် သတ်မှတ်မည်ဖြစ် သည်ဟု သမ္မတပူတင်၏ အထူး အမိန့်ဒီကရီ၌ ပြဋ္ဌာန်းထားကြောင်း သိရသည်။

ထို့ပြင် အဆိုပါအမိန့်ဒီကရီ အရ ရုရှားအမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်သူများ သို့မဟုတ် တရားမဝင်ဆန္ဒပြပွဲများ၌ ပါဝင် သူများကိုလည်း သမ္မတပူတင်၏ အမိန့်ဒီကရီအရ နှင်ထုတ်နိုင်မည် ဖြစ်သည်။

ရုရှားနိုင်ငံသည် ဒွန်းနက်ခ်၊ လူးဟန့်ခ်၊ခါဆန်နှင့် ဇာပိုရစ် ဇီယာဒေသများကို ပြီးခဲ့သည့် နှစ်ကုန်ပိုင်းတွင် ရုရှား အချုပ် အခြာအောက် ထည့်သွင်းထား ကြောင်း သိရသည်။ KKO

# နှစ်နိုင်ငံကာကွယ်ရေးမိတ်ဖက်ဆက်ဆံရေး မြှင့်တင်ရန် ရုရှားနှင့်အိန္ဒိယတို့ သဘောတူ

**ဒေလီ ဧပြီ ၂၈**

နှစ်နိုင်ငံကာကွယ်ရေးမိတ်ဖက် ဆက်ဆံရေးကို ခိုင်မာစွာတည် ဆောက်ရန် အိန္ဒိယနိုင်ငံနှင့်ရုရှား နိုင်ငံတို့က ဧပြီ ၂၈ ရက်တွင် သဘောတူခဲ့ကြကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြခဲ့သည်။

အိန္ဒိယ ကာကွယ်ရေးဝန်ကြီး ရာ့ဂျ်နက်ဆင်းနှင့် ရုရှားကာကွယ် ရေးဝန်ကြီး ဆာဂေးရှိုဂူးတို့သည် နယူးဒေလီမြို့၌ တွေ့ဆုံဆွေးနွေး ပြီးနောက် အဆိုပါသဘောတူညီ ချက်ကို ရယူခဲ့ကြခြင်းဖြစ်သည်။

ကာကွယ်ရေးကဏ္ဍ၌ နှစ်နိုင်ငံ အကြား အပြန်အလှန်ယုံကြည်မှုနှင့် နားလည်လေးစားမှုတို့ကို စဉ်ဆက် မပြတ်ထားရှိနိုင်မှုအတွက် နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများက ကျေနပ် အားရမှုရှိခဲ့ကြကြောင်း အိန္ဒိယ အစိုးရတာဝန်ရှိသူများက ပြော ကြားခဲ့သည်။

ထို့ပြင် ဧပြီ ၂၈ ရက်ဆွေးနွေး ပွဲသည် ရုရှားနှင့်အိန္ဒိယကာကွယ်ရေး ဝန်ကြီးများအနေဖြင့် နှစ်နိုင်ငံ ကာကွယ်ရေးကဏ္ဍ မိတ်ဖက် ဆက်ဆံရေး ပိုမိုခိုင်မာလာစေရေး ကိုလည်း ထပ်လောင်းကတိပြုခဲ့ ကြကြောင်း အိန္ဒိယအစိုးရ၏အဆို အရ သိရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ လက်နက်အများဆုံး ဝယ်ယူတင် သွင်းသည့်နိုင်ငံဖြစ်ပြီး နိုင်ငံ၏စစ် လက်နက်လိုအပ်ချက် ၅၀ ရာခိုင် နှုန်းခန့်အတွက် ရုရှားနိုင်ငံအပေါ် မှီခိုနေရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် ယူကရိန်းပြဿနာနှင့်ပတ်သက်၍ ရုရှားနိုင်ငံကို တရားဝင်အပြစ်တင် ရန်ငြင်းဆိုခဲ့ပြီး တစ်ချိန်တည်းမှာပင် ရုရှားနှင့်နှစ်နိုင်ငံကုန်သွယ်ရေးကို မြှင့်တင်ခဲ့ကြောင်း သိရသည်။ KKO




# မူးယစ်ဆေးဝါးနှင့်ဆက်စပ်နေသည့်တရားခံ ၃၁ ဦးတို့၏ပြစ်ဒဏ်များကို အမေရိကန်သမ္မတဂျိုးဘိုင်ဒင် လျှော့ချပေး

**ဝါရှင်တန် ဧပြီ ၂၈**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် သည် မူးယစ်ဆေးဝါးနှင့် ဆက်စပ် နေသော ရာဇဝတ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခံထားရသူ ၃၁ ဦး တို့၏ ထောင်ဒဏ်ပြစ်ဒဏ်များကို ဧပြီ ၂၈ ရက်တွင် လျှော့ချပေးခဲ့ ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတ ဂျိုးဘိုင်ဒင်အနေဖြင့် အကြမ်းဖက်မှုမပါသော ပြစ်မှုများ အတွက် ပြစ်ဒဏ်ကာလလျှော့ချ ပေးနိုင်သည့် သမ္မတအထူးအာဏာ အရ အဆိုပါအကျဉ်းသားများ၏ ထောင်ဒဏ်ပြစ်ဒဏ်များကိုလျှော့ချ ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါအကျဉ်းသား ၃၁ ဦး တို့၏ ထောင်ဒဏ်ပြစ်ဒဏ်များသည် လာမည့်ဇွန် ၃၀ ရက်တွင် အဆုံး သတ်မည်ဖြစ်ပြီး လက်ကျန် ထောင်ဒဏ်ကို နေအိမ်အကျယ် ချုပ်ဖြင့် ဆက်လက်ကျခံရမည် ဖြစ်သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် သည် ရာဇဝတ်မှုများကြောင့် ထောင်ဒဏ်ချမှတ်ခံထားရသူပေါင်း ၁၀၀ ကျော်ကို ပြစ်ဒဏ်ကာလ လျှော့ချပေးခြင်း၊ ပြစ်ဒဏ်လွတ်ငြိမ်း ချမ်းသာခွင့်ပေးခြင်းများ ပြုလုပ် ခဲ့ပြီးဖြစ်သည်။

သမ္မတ ဂျိုးဘိုင်ဒင်က ပြစ်ဒဏ် လျှော့ပေါ့ပေးခဲ့သော လွတ်ငြိမ်း ချမ်းသာခွင့်ပေးခဲ့သောအမှုအများစု မှာ မူးယစ်ဆေးဝါးနှင့် ဆက်နွယ် နေပြီး အကြမ်းဖက်မှုမပါသည့် ပြစ်မှုများဖြစ်ကြသည်။

သမ္မတဂျိုးဘိုင်ဒင်သည် ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ဒုတိယ မြောက် သမ္မတရာထူးသက်တမ်း အတွက် ပါဝင်ယှဉ်ပြိုင်ရန် စီစဉ် ထားကြောင်း သိရသည်။ KKO



# လာမည့်ရက်သတ္တပတ်အတွင်း အီရန်သမ္မတ ရိုင်စီ ဆီးရီးယားနိုင်ငံသို့ သွားရောက်မည်

**ဒမတ်စကတ် ဧပြီ ၂၈**

အီရန်သမ္မတ အက်ဘရာဟမ် ရိုင်စီသည် လာမည့်ရက်သတ္တပတ် အတွင်း ဆီးရီးယားနိုင်ငံ ဒမတ် စကတ်မြို့သို့ သွားရောက်ဖွယ် ရှိကြောင်း ရိုက်တာသတင်းဌာနက ဧပြီ ၂၈ ရက်တွင် ဖော်ပြခဲ့သည်။

အီရန်သမ္မတ ရိုင်စီအနေဖြင့် လာမည့်ရက်သတ္တပတ်အတွင်း ဒမတ် စကတ်မြို့သို့ လာရောက်မည် ဖြစ်ကြောင်း ဆီးရီးယားအစိုးရ သတင်းအရင်းအမြစ်များက ရိုက်တာ သတင်းဌာနသို့ ထုတ်ဖော်ပြော ကြားထားသည်။

သတင်းမှန်ကန်မှုကို အတည်ပြု နိုင်ခဲ့ပါက အဆိုပါခရီးစဉ်သည် ဆီးရီးယားပြည်တွင်းစစ် စတင်ခဲ့ သည့် ၂၀၁၁ ခုနှစ်နောက်ပိုင်း အီရန်သမ္မတတစ်ဦး၏ ပထမဆုံး ဆီးရီးယားခရီးစဉ်ဖြစ်လာလိမ့်မည် ဖြစ်သည်။

ဆီးရီးယား ခရီးစဉ်အတွင်း အီရန်သမ္မတနှင့် ဆီးရီးယားသမ္မတ အာဆတ်တို့သည် ဒမတ်စကတ် မြို့၌ တွေ့ဆုံဆွေးနွေးမည်ဖြစ် ကြောင်း သိရသည်။

ဆီးရီးယားပြည်တွင်းစစ်အတွင်း သမ္မတအာဆတ်၏ အစိုးရတပ်များ သည် အီရန်နှင့်ရုရှားတို့၏စစ်ရေး အကူအညီများဖြင့် စစ်ရေးအရ အသာစီးရယူနိုင်ခဲ့ပြီး တစ်နိုင်ငံလုံး နီးပါးကို ပြန်လည်ထိန်းချုပ်နိုင် ခဲ့သည်။

အီရန်နှင့် ဆော်ဒီအာရေဗျတို့ အကြား ဆက်ဆံရေးပြန်လည် နွေးထွေးလာမှု၊ အာရပ်နိုင်ငံများက ဆီးရီးယားနိုင်ငံနှင့် အဆက်အဆံ ပြန်လည် ပြုလုပ်လာမှုများသည် အီရန်သမ္မတ၏ ဆီးရီးယားခရီးစဉ် အတွက် လမ်းဖွင့်ပေးခဲ့သည်ဟု လေ့လာသူများက သုံးသပ်ထား ကြောင်း သိရသည်။ KKO

# ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ သမ္မတ ယွန်ဆွတ်ယိုးနှင့်တွေ့ဆုံရန် တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဟုဆို

**တိုကျို ဧပြီ ၂၈**

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ သည် လာမည့်ရက်သတ္တပတ်များ အတွင်း တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်၍ တောင်ကိုရီးယား သမ္မတ ယွန်ဆွတ်ယိုးနှင့် တွေ့ဆုံ ဆွေးနွေးမည်ဖြစ်ကြောင်း ရိုက်တာ သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

လာမည့် မေ ၁၉ ရက်တွင် ဂျီ-၇ အုပ်စု ထိပ်သီးညီလာခံ မကျင်းပမီ ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ အနေဖြင့် တောင်ကိုရီးယားသို့ သွားရောက်မည်ဖြစ်ကြောင်း ဂျပန် အစိုးရတာဝန်ရှိသူများက ပြော ကြားခဲ့သည်။

ပြီးခဲ့သည့်လအတွင်းက ဂျပန် နိုင်ငံ တိုကျိုမြို့သို့ တောင်ကိုရီးယား သမ္မတရောက်ရှိခဲ့ပြီးနောက် အပြန် အလှန်အနေဖြင့် တောင်ကိုရီးယား သို့ သွားရောက်ရန် ဂျပန်ဝန်ကြီး ချုပ်က စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်နှင့် တောင်ကိုရီးယား သံတမန်သတင်းအရင်းအမြစ်များ ၏အဆိုအရ ဂျပန်ဝန်ကြီးချုပ် ကီရှီဒါနှင့် တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးတို့အနေဖြင့် မေ ၇ ရက် သို့မဟုတ် ၈ ရက်တွင် တွေ့ဆုံ နိုင်ကြောင်း သိရသည်။


ဝန်ကြီးချုပ်ကီရှီဒါနှင့် တောင် ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးတို့ အနေဖြင့် မြောက်ကိုရီးယားနှင့် ပတ်သက်၍ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများ ခိုင်မာရေးကို ရည်ရွယ်ထားကြောင်း ဂျပန်မီဒီယာ များက သတင်းထုတ်ပြန်ထားသည်။

ယခုနှစ်၏ ဂျီ-၇ အုပ်စုအလှည့်ကျ ဥက္ကဋ္ဌဖြစ်သော ဂျပန်နိုင်ငံသည် မေ ၁၉ ရက်တွင် ဟီရိုရှီးမားမြို့၌ ဂျီ-၇ ထိပ်သီးညီလာခံကို အိမ်ရှင် အဖြစ် လက်ခံကျင်းပရန် စီစဉ်ထား ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ဗွိုင်ယေဂျာ-၂ ၏ မစ်ရှင်သက်တမ်းကို သုံးနှစ်ထပ်တိုးမည်ဖြစ်



**ဝါရှင်တန် မေ ၂၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ဗွိုင်ယေဂျာ-၂ ၏ မစ်ရှင်သက်တမ်းကို သုံးနှစ် ထပ်တိုးမည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

ဗွိုင်ယေဂျာ-၂ အာကာသယာဉ်၏ စူးစမ်းလေ့လာရေးစနစ်များကို ၂၀၂၆ ခုနှစ်ထိ ဆက်ဖွင့်ထားရန် စီစဉ်ထားသည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဗွိုင်ယေဂျာ-၂ အာကာသယာဉ် အနေဖြင့် စွမ်းအင်ထုတ်လုပ်နိုင်မှု ကျဆင်းလာသည့်တိုင် ၎င်းအာကာသယာဉ်၌ တပ်ဆင်ထားသည့် စူးစမ်းလေ့လာရေးစနစ် ငါးခုစလုံးကို ၂၀၂၆ ခုနှစ်ထိ ဆက်ဖွင့်ထားမည်ဖြစ်သည်ဟု နာဆာအဖွဲ့သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် ချူကလီးယားစွမ်းအင်သုံး ဗွိုင်ယေဂျာ-၂ အာကာသယာဉ်ကို ၁၉၇၇ ခုနှစ်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်သည် ကမ္ဘာမြေနှင့်မိုင်ပေါင်း ၁၂ ဘီလီယံအကွာ အာကာသဟင်းလင်းပြင်အတွင်း ပျံသန်းနေဆဲဖြစ်သည်။

ဗွိုင်ယေဂျာ-၂ နှင့် ၁၉၇၇ ခုနှစ်မှာပင် လွှတ်တင်ခဲ့သည့် ဗွိုင်ယေဂျာ-၁ တို့သည် အာကာသဟင်းလင်းပြင်အတွင်း နောက် လေးနှစ်မျှသာ ဆက်လက်ပျံသန်းနိုင်ဖွယ်ရှိသည်ဟု နာဆာအဖွဲ့က ခန့်မှန်းထားကြောင်း သိရသည်။

KKO

## နိုင်ငံတကာအာကာသစခန်း (ISS) အစီအစဉ်၌ ၂၀၂၈ ခုနှစ်ထိ ဆက်လက်ပါဝင်ပေးရန် ရုရှားအာကာသအေဂျင်စီက သဘောတူထား

**ဝါရှင်တန် မေ ၂၈**

နိုင်ငံတကာ အာကာသစခန်း (ISS) အစီအစဉ်၌ ၂၀၂၈ ခုနှစ်ထိ ဆက်လက်ပါဝင်ပေးရန် ရုရှားအာကာသအေဂျင်စီက သဘောတူထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

၂၀၂၄ ခုနှစ်နောက်ပိုင်းတွင် ရုရှားနိုင်ငံအနေဖြင့် ISS အစီအစဉ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက လွန်ခဲ့သောနှစ်က ပြောကြားထားသည်။

ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ကိုယ်ပိုင်အာကာသစခန်း တည်ဆောက်ထားရှိရေးအတွက် ISS အစီအစဉ်မှနုတ်ထွက်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

သို့ရာတွင် ရုရှားနိုင်ငံအနေဖြင့် ISS အစီအစဉ်၌ ၂၀၂၈ ခုနှစ်ထိ ဆက်လက်ပါဝင်ရန် သဘောတူထားကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) က မေ ၂၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။



ISS အစီအစဉ်တွင်ပါဝင်သော အခြားမိတ်ဖက်များဖြစ်ကြသည့် ဥရောပ၊ ကနေဒါနှင့် ဂျပန်နိုင်ငံတို့ကမူ ၎င်းအစီအစဉ်၌ ၂၀၃၀ ပြည့်နှစ်ထိပါဝင်ရန် လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

ISS အစီအစဉ် မိတ်ဖက်အဖွဲ့ဝင်များသည် ISS အာကာသစခန်းကို ၁၉၉၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလမှစ၍ အာကာသယာဉ်မှူးများ အလှည့်ကျစေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။ KKO

## ကမ္ဘာဂြိုဟ်အနီးရှိ ဂြိုဟ်သိမ်တစ်စင်းပေါ်မှ ကျောက်သားနမူနာများ ကောက်ယူရေးအတွက် တီယန်ဝန်-၂ အမည်ရှိ မစ်ရှင်ကို ၂၀၂၅ ခုနှစ်တွင် လွှတ်တင်မည်

**ပေကျင်း မေ ၂၈**

တရုတ်နိုင်ငံသည် ကမ္ဘာဂြိုဟ်အနီးရှိ ဂြိုဟ်သိမ်တစ်စင်းပေါ်မှ ကျောက်သားနမူနာများ ကောက်ယူရေးအတွက် တီယန်ဝန်-၂ အမည်ရှိ မစ်ရှင်ကို ၂၀၂၅ ခုနှစ်တွင် လွှတ်တင်မည်ဖြစ်ကြောင်း Reuters သတင်းဌာနက မေ ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံအနေဖြင့် တီယန်ဝန်-၂ မစ်ရှင်ဖြင့် 2016 HD 3 အမည်ရှိ ဂြိုဟ်သိမ်ပေါ်မှ ကျောက်သား နမူနာများရယူရန် ရည်ရွယ်ထားသည်ဟု တရုတ်သိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

2016 HD 3 ဂြိုဟ်သိမ်သည် အချင်းအားဖြင့် ပေ ၃၀၀ ခန့်ရှိပြီး ၂၀၁၆ ခုနှစ် ဧပြီလတွင် ရှာဖွေတွေ့ရှိခဲ့သော ဂြိုဟ်သိမ်ဖြစ်သည်။

၎င်းဂြိုဟ်သိမ်သည် နေကို ဘဲဥပုံပတ်လမ်းဖြင့် လှည့်ပတ်နေပြီး တစ်ချိန်တည်းလိုလိုမှာပင် ကမ္ဘာမြေကိုလည်း ဂြိုဟ်ရံသဖွယ်လှည့်ပတ်လျက်ရှိသည်။

တီယန်ဝန်-၂ မစ်ရှင် အောင်မြင်ခဲ့ပါက ၎င်းမစ်ရှင်သည် တရုတ်နိုင်ငံ၏ ပထမဆုံးဂြိုဟ်သိမ်ကျောက်သားနမူနာ ရယူရေးမစ်ရှင် ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

တီယန်ဝန်-၂ အာကာသယာဉ်သည် 2016 HD 3 ဂြိုဟ်သိမ်ပေါ်မှ ကျောက်သားနမူနာများကောက်ယူပြီးနောက် အင်္ဂါဂြိုဟ်နှင့်ကြာသပတေးဂြိုဟ်ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်းရှိ ကြယ်တံခွန်တစ်စင်းကို ဆက်လက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## သွေးကျဲဆေးများ ထုတ်လုပ်နိုင်မည့်နည်းလမ်းကို အမေရိကန်နှင့်ကနေဒါသုတေသနပညာရှင်များတွေ့ ထား

**နယူးယောက် မေ ၂၈**

သွေးယိုမှုအန္တရာယ်မရှိသော ပိုမိုထိရောက်သည့် သွေးကျဲဆေးများထုတ်လုပ်နိုင်မည့် နည်းလမ်းကို အမေရိကန်နှင့်ကနေဒါသုတေသနပညာရှင်များက တွေ့ထားကြဖွယ်ရှိကြောင်း ယူပီအိုင်သတင်းဌာနက မေ ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

ကနေဒါနှင့်အမေရိကန် သုတေသန ပညာရှင်များသည် MPI 8 အမည်ရှိ ဒြပ်ပေါင်းတစ်မျိုးကို ဖန်တီးစမ်းသပ်နေကြောင်း သိရသည်။

MPI 8 ဓာတုဒြပ်ပေါင်းသည် သွေးခဲများပေါ်ထွက်မှုကို တားဆီးနိုင်ပြီး ဈေးကွက်အတွင်းဝယ်ယူနိုင်သော အခြားသွေးကျဲဆေးများကဲ့သို့ ကိုယ်တွင်းသွေးယိုမှုပြဿနာမရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

MPI 8 ဓာတုဒြပ်ပေါင်းကို ဖန်တီးနိုင်မှုသည် သွေးခဲပေါ်ထွက်မှုပြဿနာ ကာကွယ်ရေးနှင့် ကုသရေးနယ်ပယ်အတွက် ခြေလှမ်းသစ်တစ်ရပ်ဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

တိရစ္ဆာန်များတွင် ပြုလုပ်ခဲ့သည့် လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသောရလဒ်များအရ MPI 8 သည် ဘေးကင်းလုံခြုံမှုလည်းရှိကြောင်း သိရသည်။

သို့ရာတွင် လက်ရှိအချိန်တွင် အမေရိကန်နှင့် ကနေဒါသုတေသနပညာရှင်များအနေဖြင့် MPI 8 ဓာတုဒြပ်ပေါင်းကို လူသားလူနာများဖြင့် လက်တွေ့စမ်းသပ်ရသေးခြင်းမရှိကြောင်း သိရသည်။

KKO

## နား၊ နှာခေါင်း၊ လည်ချောင်းရောဂါရှိခဲ့သော ကလေးများ အော်တစ်ဇင်ရောဂါဖြစ်နိုင်ခြေ မြင့်မားနိုင်

**လန်ဒန် မေ ၂၈**

နား၊ နှာခေါင်းနှင့်လည်ချောင်းရောဂါများရှိခဲ့သော ကလေးများသည် နောက်ပိုင်းတွင် အော်တစ်ဇင်ရောဂါဖြစ်နိုင်ခြေ မြင့်မားမှုနှင့် ရင်ဆိုင်ရနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မေ ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများသည် ကလေးများ၌ အော်တစ်ဇင်ရောဂါဖြစ်ပွားမှု၏ နောက်ခံအကြောင်းတရားတစ်ရပ်ဖြစ်နိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများနှင့်အော်တစ်ဇင်ဖြစ်ပွားနိုင်ခြေတို့ကြား ဆက်စပ်မှု ရှိ၊ မရှိကို ဖော်ထုတ်ရေးအတွက် ကလေးဦးရေ ၁၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသော ရလဒ်များအရ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ လက္ခဏာများ ခံစားရမှု များပြားခြင်းသည် အော်တစ်ဇင်ရောဂါလက္ခဏာများ ပေါ်ထွက်နိုင်ခြေ မြင့်မားမှုနှင့်ဆက်စပ်နေဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါလက္ခဏာ ရှိနေသူတိုင်း အော်တစ်ဇင်ရောဂါမဖြစ်နိုင်ဟု သုတေသနပညာရှင်များက ဝန်ခံထားကြောင်း သိရသည်။

မိမိတို့၏ လေ့လာချက်အရ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများသည် အော်တစ်ဇင်ဖြစ်နိုင်ခြေ မြင့်မားရမှု၏ နောက်ခံအကြောင်းတရားများဖြစ်နိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားထားသည်။

KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ဘရိုက်တန်နှင့် ဘန်လေအသင်းတို့က ဂျိမ်းမင်နာကိုခေါ်ယူရန် အပြိုင်ကြိုးပမ်း

**လန်ဒန် ဧပြီ ၂၉**

ယခုနှစ်ဘောလုံးရာသီကုန်တွင် လီဗာပူးအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာမည့်ကွင်းလယ်ကစားသမား ဂျိမ်းမင်နာကို ဘရိုက်တန်အသင်းနှင့် ဘန်လေအသင်းတို့ကခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၇ နှစ်ရှိ ဂျိမ်းမင်နာသည် လီဗာပူးအသင်းတွင်ဖြတ်သန်းခဲ့သည့် ရှစ်နှစ်ကျော်ကာလတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၃၂၆ ပွဲကစားခဲ့ရာ သွင်းဂိုး ၂၆ ဂိုး သွင်းယူနိုင်ခဲ့ပြီး အသင်းကို ချန်ပီယံလိဂ်ဖလားနှင့် ပရီးမီးယားလိဂ်ဆုဖလားရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီခဲ့သူဖြစ်ပြီး အတွေ့အကြုံကောင်းများပိုင်ဆိုင်ထားသောကြောင့် လာမည့်နွေရာသီတွင် လီဗာပူးအသင်းမှထွက်ခွာမည့်အချိန်၌ ဘရိုက်တန်အသင်းနှင့် ဘန်လေအသင်းတို့က ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

လက်ရှိတွင် လီဗာပူးအသင်းအနေဖြင့် အသက်အရွယ်ရလာသည့် ဂျိမ်းမင်နာကို သက်တမ်းတိုးရန်အစီအစဉ်မရှိဘဲ အလွတ်ပြောင်းရွှေ့ခွင့်ပြုရန် ဆုံးဖြတ်ထားသဖြင့် ဘရိုက်တန်နည်းပြ ဒီဇာဘီက ကွင်းလယ်နှင့် ခံစစ်ပိုင်းပါလိုက်ပါကစားနိုင်သည့် ဂျိမ်းမင်နာကို လာမည့်ရာသီ ၎င်း၏စီမံကိန်းတွင် ထည့်သွင်းခဲ့သော်လည်း ပရီးမီးယားလိဂ်သို့ တန်းတက်လာသည့် ဘန်လေအသင်းနည်းပြ ကွန်ပနီကလည်း အသင်းကိုဦးဆောင်မှုပေးနိုင်မည့် ဂျိမ်းမင်နာကို စိတ်ဝင်စားနေသောကြောင့် အပြိုင်ကမ်းလှမ်းမှုပြုလုပ်လျက်ရှိကြောင်း သိရသည်။

ML



## အာဆင်နယ်အသင်းက ရှာကာ၊ ဘာလိုဂန်နှင့် တီယာနေးတို့ကို ရောင်းချရန်အသင့်ရှိကြောင်း ပြောကြား



**လန်ဒန် ဧပြီ ၂၉**

အာဆင်နယ် အသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့တွင် ဘဏ္ဍာရေးလိုအပ်ချက်ကြောင့် ကွင်းလယ်ကစားသမား ရှာကာ၊ တိုက်စစ်မှူး ဘာလိုဂန်နှင့် ခံစစ်ကစားသမား တီယာနေးတို့ကို ရောင်းချသွားမည်ဖြစ်ပြီး ၎င်းတို့ကို ကမ်းလှမ်းမည့်အသင်းကို စောင့်မျှော်လျက်ရှိသည်ဟု ပြောကြားခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ် အသင်းသည် ၂၀၁၇ ခုနှစ်နောက်ပိုင်း ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် ဝေးကွာနေရသော်လည်း လာမည့်နှစ်တွင် ချန်ပီယံလိဂ်ကစားခွင့် ရရှိမည်ဖြစ်သောကြောင့် ကစားသမားအင်အား ထပ်မံဖြည့်တင်းမည်ဖြစ်သဖြင့် ရိမ်းအသင်းတွင် ခြေစွမ်းပြသနေသည့် တိုက်စစ်မှူး ဘာလိုဂန်၊ ကွင်းလယ်ကစားသမား ရှာကာနှင့်ခံစစ်ကစားသမား တီယာနေးတို့ကို ဘဏ္ဍာရေးလိုအပ်ချက်အရ ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အာဆင်နယ်အသင်းသည် ဆောက်သမ်တန်အသင်းသို့ အငှားချထားသည့် မိတ်လန်နိုင်းကိုလည်း စာချုပ်သက်တမ်းမတိုးဘဲ အလွတ်ပြောင်းရွှေ့ခွင့် ပြုခဲ့သည့်အပြင် တိုက်စစ်မှူး နယ်ဆန်ကိုလည်း သက်တမ်းတိုးရန်အစီအစဉ်မရှိဘဲ ရှာကာ၊ တီယာနေး၊ ဘာလိုဂန်တို့ကိုလည်း ရောင်းချမည်ဖြစ်ပြီး ၎င်းတို့ကို ကမ်းလှမ်းမည့်အသင်းများကို စောင့်မျှော်နေကြောင်း ပြောကြား၍ ဒီကလန်ရိုက်ကို ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ML

## ဂါနာချိုကို ကာလရှည်သက်တမ်းတိုးခဲ့သော်လည်း ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ စေလွှတ်မည်မဟုတ်ကြောင်း မန်ယူအသင်းပြောကြား

**မန်ချက်စတာ ဧပြီ ၂၉**

မန်ယူအသင်းသည် အသင်းတောင်ပံတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် လူငယ်ကစားသမား ဂါနာချိုကို လာမည့် ၂၀၂၈ ခုနှစ်ထိ ကာလရှည်စာချုပ်ချုပ်ဆိုနိုင်ခဲ့သော်လည်း အာဂျင်တီးနားအသင်းနှင့် ကစားရမည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ စေလွှတ်မည်မဟုတ်ကြောင်း အသင်းတာဝန်ရှိသူများက အတည်ပြုပြောကြားခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်ရှိ တောင်ပံကစားသမား ဂါနာချိုသည် ယခုနှစ်တွင် အသင်းကြီးနှင့် ပူးပေါင်းခွင့်ရရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၃၀ ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုး လေးဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်ထိပြုလုပ်နိုင်ခဲ့သောကြောင့် ဥရောပထိပ်သီးကလပ်များက ၎င်းကိုခေါ်ယူရန် စောင့်ကြည့်နေချိန်တွင် ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့် လူငယ်ကစားသမားကို အသင်းတာဝန်ရှိသူများက ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုး၍ လေးနှစ်စာချုပ် ထပ်မံချုပ်ဆိုခဲ့သည်။

လက်ရှိတွင် လူငယ်ကစားသမား ဂါနာချိုသည် အာဂျင်တီးနားနိုင်ငံက မေ ၂၀ မှ ဇွန် ၁၁ ရက်ထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားခွင့်ရရှိရန် နည်းပြတန်ဟတ်ထံ တောင်းဆိုထားသော်လည်း အသင်းအနေဖြင့် ၎င်းကို ကမ္ဘာ့ဖလားပြိုင်ပွဲ ကစားခွင့်ပြုခဲ့ပါက ပရီးမီးယားလိဂ်ပွဲစဉ်ဖြစ်သည့် ဘုန်းမောက်၊ ချဲလ်ဆီး၊ ဖူလ်ဟမ်အသင်းနှင့် အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်ဖြစ်သည့် မန်စီးတီးအသင်းနှင့်ကစားရမည့် ပွဲစဉ်တို့ကို လွဲချော်မည်ဖြစ်သောကြောင့် နည်းပြတန်ဟတ်က အာဂျင်တီးနားသို့စေလွှတ်ရန် ငြင်းပယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နည်းပြတန်ဟတ်က "လူငယ်ကစားသမား ဂါနာချိုဟာ မတ် ၁၂ ရက်က ကစားခဲ့တဲ့ ဆောက်သမ်တန်နဲ့ပွဲမှာ ခြေချင်းဝတ်ဒဏ်ရာရခဲ့လို့ အနားယူနေရပါတယ်။ ဒါကြောင့် သူ့အနေနဲ့ အသင်းရဲ့ပွဲစဉ်အချို့ကို လွဲချော်ခဲ့တာပါ။ လက်ရှိမှာတော့ ဒဏ်ရာပြန်လည်သက်သာလာတာကြောင့် အပေါ့စားလေ့ကျင့်ခန်းတွေ ပြုလုပ်နေပါပြီ။ သူ့အနေနဲ့ အသင်းရဲ့ လေ့ကျင့်ခန်းအစီအစဉ်ကို အပြည့်အဝပါဝင်နိုင်ရင်တော့ လာမဲ့ပွဲစဉ်တွေမှာ ပါဝင်လာမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

## ပရီးမီးယားလိဂ်ပွဲစဉ် (၃၄) ရလဒ်

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၄ | - | ၃ | ဝက်စ်ဟမ်း |
| ဘရန့်ဖို့ဒ် | ၂ | - | ၁ | နော်တင်ဟမ် |
| ဘရိုက်တန် | ၆ | - | ၀ | ဝုဗ် |

## စပိန်လာလီဂါပွဲစဉ် (၃၂) ရလဒ်

| | | | | |
|---|---|---|---|---|
| အယ်ချီ | ၄ | - | ၀ | ဗယ်လ်ကာနို |

## ပြင်သစ်လီဂူးပွဲစဉ် (၃၃) ရလဒ်

| | | | | |
|---|---|---|---|---|
| လိုင်လီ | ၃ | - | ၀ | အေဂျက်စီယို |

(၀၄၀)

## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက ပီအက်စ်ဂျီခံစစ်ကစားသမား ဟာကီမီကို စတာလင်ပေါင် သန်း ၆၀ ဖြင့်ခေါ်ယူရန် ချဲလ်ဆီးအသင်းနှင့် အပြိုင်ကမ်းလှမ်းမှုပြုလုပ်နေကြောင်း သိရသည်။
- ပဲလေ့စ်အသင်းတိုက်စစ်မှူး ဇာဟာက စာချုပ်သစ်ကမ်းလှမ်းမှုကို လက်မခံဘဲ ချန်ပီယံလိဂ်ကစားရမည့် မာဆေးအသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားကြောင်း ပြောကြားခဲ့သည်။

ML

## မန်စီးတီးအသင်းနှင့်ကစားမည့်ပွဲစဉ်ထိ ရီးရဲလ်မက်ဒရစ်အသင်း အဓိကကွင်းလယ်ကစားသမား မိုဒရစ် လွဲချော်ဖွယ်ရှိနေ

**မက်ဒရစ် ဧပြီ ၂၉**

ရီးရဲလ်မက်ဒရစ်အသင်းအဓိကကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် မိုဒရစ်သည် ကြွက်သားဒဏ်ရာကြောင့် မန်စီးတီးအသင်းနှင့်ကစားမည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပထမအကျော့ပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေသည်ဟု Bleacher Report Football သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၇ နှစ်ရှိနေပြီဖြစ်သည့် မိုဒရစ်သည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အဓိကကွင်းလယ်ကစားသမားအဖြစ် ခြေစွမ်းပြသလျက်ရှိနေသူဖြစ်ပြီး ပြီးခဲ့သည့် ဂျီရိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ကြွက်သားဒဏ်ရာ ရရှိခဲ့သည့်အတွက် အနားယူခဲ့ရသူဖြစ်သည်။

မိုဒရစ်၏ဒဏ်ရာမှာ အစောပိုင်းက ပြင်းထန်ဖွယ်မရှိသည့်အတွက် ရက်အနည်းငယ်အနားယူလျှင် ပြန်လည်ကစားနိုင်ရန်ခန့်မှန်းထားသော်လည်း ယခုအခါဒဏ်ရာမှာ အနည်းငယ်ဆိုးရွားခဲ့သည့်အတွက် ရက်သတ္တပတ်အနည်းငယ်အနားယူရနိုင်သည့်အခြေအနေများကြောင့် အယ်မာရီယာအသင်း၊ ဆိုစီဒက်အသင်းတို့ ပွဲစဉ်အပြင် အိုဆာဆူနာအသင်းနှင့်ကစားမည့် ကိုပါဒယ်ရေးဖလားပွဲစဉ်နှင့် မေ ၁၀ ရက်တွင် ကစားမည့် မန်စီးတီးအသင်းနှင့်ကစားမည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်ကိုပါ လွဲချော်ဖွယ်ရှိနေခြင်းဖြစ်သည်။



ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီက "လက်ရှိအချိန်မှာ မိုဒရစ်အနေနဲ့ဒဏ်ရာကြောင့် အနားယူနေရပါတယ်။ သူ့ဒဏ်ရာအခြေအနေက ဆက်လက်စောင့်ကြည့်ရဦးမှာပါ။ ဘယ်အချိန်ထိအနားယူရမလဲဆိုတာတော့သေချာ ပြောလို့မရသေးပါဘူး။ သူက အသင်းအတွက်အရေးပါတဲ့ကစားသမားတစ်ဦးဖြစ်လို့ အမြန်ဆုံးပြန်လည်သက်သာလာဖို့မျှော်လင့်ပါတယ်။ မန်စီးတီးအသင်းနဲ့ကစားမဲ့ပွဲစဉ်ထိ သူ့အနေနဲ့ပါဝင်ကစားနိုင်ဖို့မသေချာသေးပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA

# လာမည့်ဒီဇင်ဘာလတွင် ဒီယွန်တေနှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း အန်တိုနီဂျိုရှွာ ပြောကြား




**လန်ဒန် မေ ၂၉**

WBA(Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်းဖြစ်သူ ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှွာသည် ယခုနှစ် ဒီဇင်ဘာလတွင် WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံဟောင်း အမေရိကန် လက်ဝှေ့သမား ဒီယွန်တေနှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု DM သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အန်တိုနီဂျိုရှွာ၏ Promoter ဖြစ်သူအက်ဒီဟန်းသည် အန်တိုနီဂျိုရှွာအတွက် ဒီယွန်တေ၏ Promoter ဖြစ်သူနှင့် ဆွေးနွေးရန် ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး ဆွေးနွေးမှုအပေါ်မူတည်၍ ထိုးသတ်သွားမည့်နေရာနှင့်အချိန်ကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်းလည်း အက်ဒီဟန်းက ပြောကြားခဲ့သည်။

အန်တိုနီဂျိုရှွာသည် WBA (Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် ယူကရိန်း လက်ဝှေ့သမား အလက်ဇန္ဒား အူဆက်ခ်နှင့် နှစ်ကြိမ်တိုင်တိုင် ထိုးသတ်ယှဉ်ပြိုင်ခဲ့ပြီး နှစ်ကြိမ်စလုံး ရှုံးနိမ့်ခဲ့သည်။

ကမ္ဘာ့ချန်ပီယံခါးပတ်များကို ဆုံးရှုံးခဲ့ရပြီးနောက် အန်တိုနီဂျိုရှွာသည် ယခုနှစ် ဧပြီ ၁ ရက်တွင် အမေရိကန်လက်ဝှေ့သမား ဂျာမိန်း ဖရန်ကလင်နှင့် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အန်တိုနီဂျိုရှွာက "ဒီနှစ်အတွင်း နောက်ထပ်စိန်ခေါ်ပွဲတစ်ပွဲထိုးသတ်သွားမှာဖြစ်ပါတယ်။ ဒီယွန်တေနဲ့ ထိုးသတ်သွားမှာပါ။ လာမဲ့ဒီဇင်ဘာလမှာထိုးသတ်သွားဖို့တော့ လျာထားပါတယ်။ စိန်ခေါ်ပွဲစဉ်အတွက် ဆွေးနွေးမှုတွေပြုလုပ်သွားဖို့ အက်ဒီဟန်းက ဆော်ဒီအာရေဗျနိုင်ငံကို ထွက်ခွာမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# မက္ကဆီကိုအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို တိုနီဖီနော် ဦးဆောင်

**မက္ကဆီကိုစီးတီး မေ ၂၉**

မက္ကဆီကိုနိုင်ငံတွင်ကျင်းပနေသည့် မက္ကဆီကိုအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား တိုနီဖီနော့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ST သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်အာဖရိကဂေါက်သီးရိုက်ကစားသမား ဗန်ရှိုင်ယန်နှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘရန်ဒန်ဝူတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား စမ့်သာမန်း အပါအဝင် ပြိုင်ပွဲဝင် ငါးဦးက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အမှတ်ပေးဇယားကိုဦးဆောင်နေသည့် တိုနီဖီနော့က "မနှစ်က ဒီပြိုင်ပွဲကြောင့် ကျွန်တော့်ဘဝအပြောင်းအလဲတွေ အများကြီးဖြစ်ခဲ့တယ်။ မနှစ်တုန်းကချန်ပီယံမဖြစ်ခဲ့ပေမဲ့လဲ အမှတ်ပေးဇယားရဲ့ ဒုတိယနေရာမှာ ရပ်တည်နိုင်ခဲ့တယ်။ အခုဒီနှစ်မှာတော့ ပထမနေ့ကော၊ ဒုတိယနေ့ပါ ရလဒ်ကောင်း ရရှိထားတယ်။ အမှတ်ပေးဇယားထိပ်မှာ ရပ်တည်ထားနိုင်တဲ့ အခြေအနေက ကျွန်တော့်အတွက် အားရကျေနပ်စရာပါပဲ။ မနှစ်တုန်းကလိုပဲ ဒီပြိုင်ပွဲမှာ ရလဒ်ကောင်းတွေရယူနိုင်မယ်လို့မျှော်လင့်ပါတယ်။ မနှစ်က ကပ်ပြီးတော့ လွဲခဲ့ရတဲ့ချန်ပီယံဆုကို ဒီနှစ်မှာ ရယူနိုင်မယ်လို့လဲ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဘာစီလိုနာအသင်း၏လုပ်ခလစာလျှော့ယူရန် ကမ်းလှမ်းမှုကို ခရစ်စတန်ဆန်နှင့်ကက်ဆီတို့ ငြင်းဆို

**ဘာစီလိုနာ မေ ၂၉**

ဘာစီလိုနာအသင်းက ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းဘဏ္ဍာရေးစည်းမျဉ်းနှင့်ကိုက်ညီမှုရှိစေရန် အသုံးစရိတ်လျှော့ချကာ ကစားသမားဟောင်း မက်ဆီကို အသင်းထံ ပြန်လည်ခေါ်ဆောင်လိုသောကြောင့် လက်ရှိအသင်းမှ ကစားသမားများကို လုပ်ခလစာလျှော့ယူရန်ကမ်းလှမ်းခဲ့သော်လည်း ကက်ဆီနှင့် ခရစ်စတန်ဆန်တို့က ငြင်းဆိုခဲ့ကြသည်ဟု Football Insider သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာ အသင်းသည် အသင်းဘဏ္ဍာရေးအကျပ်အတည်းနှင့်ကြုံတွေ့နေရသည့်အတွက် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းအသုံးစရိတ်ကို စတာလင်ပေါင် သန်း ၁၈၀ ထိလျှော့ချရန် လိုအပ်နေပြီး အသုံးစရိတ်လျှော့ချနိုင်မှသာလျှင် မက်ဆီကို ခေါ်ယူနိုင်မည်ဖြစ်သည်။

မက်ဆီနှင့် ပီအက်စ်ဂျီအသင်းတို့သည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည်ဖြစ်သည့်အတွက် ဘာစီလိုနာအသင်းက မက်ဆီကိုအသင်းထံပြန်လည်ခေါ်ဆောင်ရန်အတွက် ပြင်ဆင်လျက်ရှိနေသည်ဟု အသင်းဥက္ကဋ္ဌ လာပေါ်တာကိုယ်တိုင်က ဝန်ခံထားခြင်းဖြစ်သည်။

သို့သော် ဘာစီလိုနာအသင်း အနေဖြင့် အသင်းမှကစားသမားများအားလုံးကို လုပ်ခလစာလျှော့ချနိုင်မှသာလျှင် မက်ဆီနှင့်အတူ လိုအပ်သည့်ကစားသမားသစ်များကို ခေါ်ယူနိုင်မည်ဖြစ်သည့်အတွက် လက်ရှိအချိန်ကတည်းက အသင်းမှ ကစားသမားများကို လုပ်ခလစာလျှော့ယူပေးရန်အတွက် ကမ်းလှမ်းမှုများ ပြုလုပ်ထားပြီး ကစားသမားအချို့ကိုလည်းရောင်းချသွားဖွယ်ရှိနေသည်။

ကက်ဆီနှင့် ခရစ်စတန်ဆန်တို့သည် ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ခဲ့ကြသူများဖြစ်ပြီး ၎င်းတို့နှစ်ဦးအနေဖြင့် လုပ်ခလစာလျှော့ယူရန် ငြင်းဆိုခဲ့ကြသည့်အတွက် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းက ရောင်းချသွားဖွယ်ရှိနေသည်။

STA

# Mutua Madrid Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ အယ်ကာရက်ဇ် တက်ရောက်

**မက်ဒရစ် မေ ၂၉**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ဖင်လန်တင်းနစ်ကစားသမားရှူဆူဗုအိုရီတို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ အယ်ကာရက်ဇ်က (၂-၆၊ ၆-၄၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း JT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် တတိယအဆင့်သို့ တက်လှမ်းသွားခဲ့သော်လည်း ဒုတိယအဆင့်ပွဲစဉ်တွင် အမှားအယွင်းများခဲ့ပြီး ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပုံမှန်လက်စွမ်းပြန်လည်ရရှိလာခဲ့ကာ ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး တတိယပွဲငယ်တွင်လည်း ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကာ တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်သည် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံတစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ် Mutua Madrid Open တင်းနစ်ပြိုင်ပွဲတွင် ဂျိုကိုဗစ်၊ ရာဖေးလ်နာဒယ်တို့ကို အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

၂၀၂၂ ခုနှစ် Mutua Madrid Open တင်းနစ်ပြိုင်ပွဲတွင် နာမည်ရလာသည့် အယ်ကာရက်ဇ်သည် ၂၀၂၂ ခုနှစ်အတွင်း အောင်မြင်မှုများဆက်တိုက်ရရှိကာ ကမ္ဘာ့အဆင့်(၁) နေရာကိုပင် တက်လှမ်းနိုင်ခဲ့သူလည်းဖြစ်သည်။

အယ်ကာရက်ဇ်က "ဒီပွဲစဉ်ဟာ ကျွန်တော့်အတွက် အရမ်းကိုခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပါတယ်။ ကိုယ့်ရဲ့ စွမ်းဆောင်ရည်ပိုင်းနဲ့ပတ်သက်ပြီးတော့ စိတ်ပျက်ခဲ့ရတယ်။ အထူးသဖြင့် ပထမပွဲငယ်မှာ ကစားသွားခဲ့တဲ့ ပုံစံဟာတော်တော်လေးကိုစိတ်ပျက်စရာကောင်းလှပါတယ်။ ဒါကြောင့် စိတ်မထိန်းနိုင်ဘဲ တင်းနစ်ရိုက်တံကို လွှင့်ပစ်မိခဲ့တာပါ။ ကျွန်တော့်ရဲ့အပြုအမူအတွက် အားလုံးကိုတောင်းပန်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဘိုင်ယန်မြူးနစ်အသင်းနှင့် အဆင်မပြေဖြစ်နေသည့် မာနေးကိုခေါ်ယူရန် ချဲလ်ဆီးအသင်းပြင်ဆင်



**လန်ဒန် မေ ၂၉**

ချဲလ်ဆီးအသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် အဆင်မပြေဖြစ်နေသည့် တိုက်စစ်ကစားသမား မာနေးကိုခေါ်ယူရန်အတွက် ပြင်ဆင်လျက်ရှိနေသည်ဟု Bild သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၁ နှစ်ရှိ မာနေးသည် ပြီးခဲ့သည့်ဘောလုံးရာသီက လီဗာပူးအသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သော်လည်း အသင်းနှင့်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် အဆင်မပြေမှုများကြောင့် ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ပြောင်းရွှေ့ကြေး ယူရို ၃၂ သန်းဖြင့် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

မာနေးသည် ယခုနှစ်ဘောလုံးရာသီ ဘိုင်ယန်မြူးနစ်အသင်းတွင် ဒဏ်ရာပြဿနာများကြောင့် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသကဲ့သို့ အသင်းဖော် ဆာနေးနှင့်လည်း ခိုက်ရန်ဖြစ်ပွားခဲ့ကြသည့်အတွက် ဘိုင်ယန်မြူးနစ်အသင်းက ဘောလုံးရာသီအကုန်တွင် မာနေးကို ပြန်လည်ရောင်းချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ချဲလ်ဆီး အသင်းကလည်း အသင်းတိုက်စစ်ပိုင်း၌ လိုအပ်ချက်များရှိနေသည့်အတွက် လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် တိုက်စစ်ကစားသမားတစ်ဦးခေါ်ယူ အင်အားဖြည့်တင်းရန်ပြင်ဆင်နေပြီး မာနေးသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လီဗာပူးအသင်းနှင့် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သည့်အတွက် အဓိကပစ်မှတ်ထား၍ ခေါ်ယူရန် ကြိုးပမ်းလာခြင်းဖြစ်ကြောင်း သိရသည်။

STA

## ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၃၀) ရလဒ်

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၁ | - | ၁ | အော့စ်ဘတ် |
| ကိုလုံး | ၀ | - | ၁ | ဖရိုင်းဘတ် |
| လိုက်ပ်ဇစ် | ၁ | - | ၀ | ဟော်ဖန်ဟိမ်း |
| ယူနီယံဘာလင် | ၀ | - | ၀ | လေဗာကူဆင် |
| စတုဂတ် | ၂ | - | ၁ | ဂလာဘတ် |

(၀၄၀)

# ကမ္ဘာ့စစ်လက်နက်လုပ်ငန်းကို အပြောင်းအလဲဖြစ်လာစေသော ယူကရိန်းပဋိပက္ခ

ရုရှားနိုင်ငံသည် ယူကရိန်းနှင့် ပဋိပက္ခဆက်လက်ဖြစ်ပွားလျက်ရှိသောကြောင့် အိန္ဒိယလေတပ် အနေဖြင့် ရုရှားထံမှ အဓိကစစ်လက်နက်ပစ္စည်းများ ဆက်လက်တင်သွင်းနိုင်တော့မည် မဟုတ်ကြောင်း မတ် ၂၁ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။ အိန္ဒိယသည် ကမ္ဘာ့လက်နက်အများဆုံး တင်သွင်းလျက်ရှိသောနိုင်ငံဖြစ်ပြီး ရုရှားသည် အိန္ဒိယ၏ ကာကွယ်ရေးတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ သို့သော် ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းနှင့် ပဋိပက္ခဆက်လက်ဖြစ်ပွားလျက်ရှိသောကြောင့် အိန္ဒိယသည် ပြည်တွင်း၌ ကာကွယ်ရေးပစ္စည်းများ ပိုမိုထုတ်လုပ်ရန်နှင့် အခြားသောနိုင်ငံများထံမှ စစ်လက်နက်ပစ္စည်းများဝယ်ယူရန် တိုးမြှင့်ဆောင်ရွက်လာရလျက်ရှိသည်။

ယူကရိန်းပဋိပက္ခ စတင်ကတည်းကပင် ရုရှားနိုင်ငံအနေဖြင့် စစ်လက်နက်ပစ္စည်းလိုအပ်ချက် မြင့်မားလာခဲ့သည်။ ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် လက်နက်များတင်ပို့ရာတွင်လည်း ပိတ်ဆို့မှုများနှင့် ရင်ဆိုင်လာရသဖြင့် စစ်လက်နက်ပစ္စည်းထုတ်ကုန် အများစုသည် ၎င်း၏စစ်ဘက်သို့သာ ရောက်ရှိသွားသည်။ စတော့ခ်ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေး သုတေသနဌာန (SIPRI) က အမေရိကန်၊ ရုရှား၊ ပြင်သစ်၊ တရုတ်၊ ဂျာမနီနှင့် အီတလီ ဟူသည့်ခြောက်နိုင်ငံသည် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ် ကမ္ဘာ့လက်နက်တင်ပို့မှု စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းခန့် တင်ပို့ရောင်းချခဲ့ကြောင်း ခန့်မှန်းတွက်ချက်ထားရှိသည်။ အမေရိကန်တစ်နိုင်ငံတည်းမှပင်လျှင် စစ်လက်နက်ပစ္စည်းတင်ပို့မှု ၄၀ ရာခိုင်နှုန်းထိရှိခဲ့ပြီး ရုရှားနိုင်ငံသည် ၁၆ ရာခိုင်နှုန်းဖြင့် ဒုတိယလိုက်လျက်ရှိသည်။

ကမ္ဘာလုံးဆိုင်ရာ လက်နက်ဈေးကွက်၏ တန်ဖိုးအတိအကျကို တွက်ချက်ရန်သည် မလွယ်ကူသော ကိစ္စပင်ဖြစ်သည်။ တန်ဖိုးအတိအကျ တွက်ချက်ရန်သည် အငြင်းပွားဖွယ်ရာပင်ဖြစ်သည်။ တူညီသော ထုတ်ကုန်များကိုသည်ပင်လျှင် မတူညီသောတန်ဖိုးဖြင့် ရောင်းချလျက်ရှိသည်။ လက်နက်များကို မှောင်ခိုဈေးကွက်သို့ တိတ်တဆိတ် တင်ပို့နိုင်ပေသည်။ ထို့ကြောင့် SIPRI သည် လက်နက်စနစ်တစ်ခုချင်းစီ၏ စွမ်းဆောင်ရည်အပေါ် မူတည်၍ တန်ဖိုးတွက်ချက်ရလေ့ရှိသည်။

လက်နက်ဈေးကွက် မျှဝေထိန်းချုပ်ခြင်းသည် လက်နက်တင်ပို့သောနိုင်ငံများ၏ ဆုံးဖြတ်ပိုင်ခွင့် အာဏာပင်ဖြစ်သည်။ ရုရှားနိုင်ငံအနေဖြင့် လက်နက်တင်ပို့ခြင်းသည် ငွေမာရရှိရေးအတွက် အဓိက နည်းလမ်းတစ်ရပ်ပင်ဖြစ်သည်။ လက်နက်တင်ပို့သူများသည် ဝယ်ယူသည့်နိုင်ငံများ၏ လုံခြုံရေးအခြေအနေကိုပုံဖော်ခြင်းအားဖြင့် အဆိုပါနိုင်ငံများအပေါ် လွှမ်းမိုးထိန်းချုပ်လေ့ရှိကြပြီး အခြားသောနိုင်ငံများနှင့် အပြုသဘောဆောင်သော ရေရှည်ဆက်ဆံရေး ထူထောင်မည့်အစီအမံကိုလည်း ထိန်းချုပ်ဆောင်ရွက်သွားနိုင်ပေသည်။

အမျိုးသားစစ်လက်နက်လုပ်ငန်းများ၏ ခိုင်မာအားကောင်းမှုသည် အမြဲတစေ အတက်၊အကျဖြစ်ပေါ်လျက်ရှိသည်။ သာဓကအနေဖြင့် ဆိုဗီယက်ပြိုကွဲပြီးနောက် ရုရှား၏စက်မှုလုပ်ငန်းသည် ဈေးကွက်အရ တဖြည်းဖြည်းကျဆင်းလာခဲ့သည်။ ရုရှားက ထိန်းချုပ်ထားသော လက်နက်ထုတ်လုပ်သည့်အခြေခံအဆောက်အအုံများသည် ယခင်ဆိုဗီယက်နိုင်ငံဟောင်းများထံ ပျံ့နှံ့သွားခဲ့သည်။ အရှေ့ပိုင်းဥရောပနိုင်ငံများသည် ၎င်းတို့ တပ်မတော်များအတွက် NATO နှင့် အနောက်နိုင်ငံများမှ လက်နက်များဖြင့် အစားထိုးတပ်ဆင်ရန် ကြိုးပမ်းလာပြီး ရုရှားစစ်လက်နက်များ အသုံးပြုမှုကို တဖြည်းဖြည်းချင်း ဖြတ်တောက်လျှော့ချခဲ့သည်။

၁၉၉၀ ပြည့်လွန်နှစ်များတွင် တရုတ်နှင့် အိန္ဒိယသို့ လက်နက်တင်ပို့ခြင်းအားဖြင့် ရုရှား၏စစ်လက်နက်လုပ်ငန်းကို စဉ်ဆက်မပြတ်လည်ပတ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ဗလာဒီမာပူတင် အာဏာရရှိလာပြီးနောက် ယခင်ဖော်ပြသည်များကိုအခြေခံပြီး အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကတို့တွင် ဈေးကွက်တိုးချဲ့ခြင်းအားဖြင့် ရုရှား၏စစ်လက်နက်ပစ္စည်းလုပ်ငန်း ပြန်လည်တိုးတက်လာအောင် စီမံဆောင်ရွက်နိုင်ခဲ့သည်။

ရုရှား၏ အဓိကစစ်လက်နက်ဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံသို့ စစ်လက်နက်ပစ္စည်း တင်ပို့ရောင်းချမှုသည် ၂၀၀၀ ပြည့်လွန်နှစ်များကတည်းက တဖြည်းဖြည်းကျဆင်းလာခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ပြန်လည်တိုးတက်လာခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်း၌ ကိုယ်ပိုင်စစ်လက်နက်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရင်း ပြည်ပနိုင်ငံများသို့လည်း စစ်လက်နက်ပစ္စည်းများ စတင်တင်ပို့လာခဲ့သည်။

ယူကရိန်းတွင် ပဋိပက္ခစတင်ကတည်းက ရှန်းကန်ရလျက်ရှိသော ရုရှား၏ကာကွယ်ရေး စက်မှုလုပ်ငန်းသည် ရုရှားအား ဝယ်လက်ဖောက်သည်များနှင့် အလှမ်းကွာဝေးလာစေခဲ့သည်။ ရုရှားအနေဖြင့် တရုတ်နိုင်ငံထံမှ စစ်ရေးအကူအညီများ တောင်းခံခဲ့ကြောင်း ၂၀၂၂ ခုနှစ် မတ်လတွင် အမေရိကန်ထောက်လှမ်းရေးဌာနက အစီရင်ခံထားရှိခဲ့သော်လည်း ရုရှားနှင့် တရုတ်ကမူ အဆိုပါသတင်းကို ငြင်းဆန်ခဲ့သည်။ ရုရှားနိုင်ငံသည် စစ်လက်နက်ပစ္စည်း အပိုအစိတ်အပိုင်းများ ရရှိရေးအတွက် အိန္ဒိယထံမှမှာယူခဲ့ပြီး မြောက်ကိုရီးယားထံမှ အမြောက်ကျည်ဆန်များနှင့် အီရန်ထံမှ ဒရုန်းများနှင့် ဒုံးကျည်များမှာယူခဲ့သည်ဟုဆိုသည်။

အမေရိကန်သည် ယူကရိန်းနိုင်ငံကို အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံတန်ဖိုးရှိသော စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ကူညီခဲ့သည်။ အမေရိကန်အနေဖြင့် ယူကရိန်းပဋိပက္ခတွင် တိုက်ရိုက်ပါဝင်ခြင်း မရှိသော်လည်း စစ်လက်နက်ပစ္စည်းများထောက်ပံ့ကူညီကာ ရုရှားနိုင်ငံကို အင်အားချည့်နဲ့လာစေရန် ကြိုးပမ်းလျက်ရှိသည်။ အမေရိကန်သည် ၂၀၂၂ ခုနှစ်အတွင်း ယူကရိန်းသို့ စစ်လက်နက်ပစ္စည်းများ အလုံးအရင်းဖြင့် ပေးပို့ခဲ့သည်။

အခြားသော မဟာမိတ်နိုင်ငံများအနေဖြင့် ရုရှားနှင့် တရုတ်တို့၏ လက်နက်တင်ပို့မှုနှင့်စပ်လျဉ်း၍ သတိထားဆောင်ရွက်လာခဲ့သည်။ အထူးသဖြင့် ရုရှား၏ ကာကွယ်ရေးစက်မှုလုပ်ငန်းများရင်ဆိုင်နေရသော အကျပ်အတည်းအပေါ် အမြတ်ထုတ်အသုံးချသွားရန် ကြိုးပမ်းလာခဲ့သည်။ သာဓကအနေဖြင့် ပြင်သစ်၏ လက်နက်တင်ပို့မှုသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ၇ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ၁၁ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။ ပြင်သစ်နိုင်ငံသည် ဩစတြေးလျ၊ အမေရိကန်နှင့်ဗြိတိန်တို့ကြား ၂၀၂၁ ခုနှစ် AUKUS စာချုပ် လက်မှတ်ရေးထိုးပြီးနောက်ပိုင်း လက်နက်တင်ပို့ရာတွင် ၎င်း၏ပုံရိပ်ကို ပြန်လည်မြှင့်တင်နိုင်ရန် ကြိုးပမ်းလာခဲ့သည်။

အိန္ဒိယ၏ လက်နက်ဝယ်ယူမှု ဒုတိယအရင်းအမြစ်ဖြစ်သည့် ပြင်သစ်သည် အိန္ဒိယရေတပ်သို့ Rafale တိုက်လေယာဉ် ၂၇ စင်း ရောင်းချပေးရန် စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ရာ ၂၀၁၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သောစာချုပ်မှစ၍ အိန္ဒိယသို့ လေယာဉ် ၃၆ စင်း လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည်။ ရုရှားထံမှ အဓိက စစ်လက်နက်ပစ္စည်းများတင်သွင်းလျက်ရှိသော ဆားဘီးယားနိုင်ငံအနေဖြင့်လည်း ပိတ်ဆို့မှုများကြောင့် ပြင်သစ်ထံမှ ဂျက်တိုက်လေယာဉ်များဝယ်ယူရန် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

ဂျာမနီ၏ စစ်လက်နက်ပစ္စည်းထုတ်လုပ်သော



စက်မှုလုပ်ငန်းသည် မကြာသေးမီနှစ်များအတွင်း ပြည်ပသို့တင်ပို့ရာတွင် သိသိသာသာမြင့်တက်လာခဲ့ပြီး ၂၀၂၂ ခုနှစ်သည် ဂျာမနီသမိုင်းတွင် ဒုတိယအများဆုံးလက်နက်ပို့နိုင်သော နှစ်တစ်နှစ်ပင်ဖြစ်သည်။ ဂျာမနီ၏ အာဏာရညွန့်ပေါင်းအစိုးရသည် မူလက လူ့အခွင့်အရေးချိုးဖောက်သောနိုင်ငံများသို့ လက်နက်တင်ပို့ရောင်းချခြင်းမရှိသော်လည်း ယူကရိန်းပဋိပက္ခမဖြစ်ပွားမီ လက်နက်တင်ပို့မှုမြင့်တက်ခဲ့သည်။

မည်သို့ပင်ဆိုစေ ဂျာမနီထုတ်Leopard တင့်ကားများကို ယူကရိန်းသို့တင်ပို့သည့်အချိန်တွင် ဥရောပနိုင်ငံများသည် အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ အချို့သောလက်နက်များသည် ယူကရိန်းနိုင်ငံတွင် အံဝင်ခွင်ကျမရှိသောကြောင့် အနောက်အုပ်စုများ၏ လက်နက်လုပ်ငန်းများအပေါ် သက်ရောက်မှုဖြစ်ပေါ်စေခဲ့သည်။

Leopard တင့်ကားများစွာသည် အဆင်ပြေချောမွေ့စွာ အလုပ်လုပ်ခြင်းမရှိသဖြင့် ပြန်လည်အဆင့်မြှင့်တင်ရန်နှင့် အပိုအစိတ်အပိုင်းများ လိုအပ်လျက်ရှိသည်။ အချို့သောအနောက်နိုင်ငံများအနေဖြင့်လည်း ၎င်းတို့အသုံးပြုနေသော တင့်ကားများကို ယူကရိန်းနိုင်ငံသို့ ပေးပို့သွားရန် ဆန္ဒမရှိကြပေ။ ယူကရိန်းနိုင်ငံက Leopard တင့်ကားများစွာကို တောင်းခံထားသော်လည်း အနည်းငယ်သာလျှင် လက်ခံရရှိကြသည်။

အနောက်နိုင်ငံများမှ စစ်လက်နက်များသည် ယူကရိန်းနိုင်ငံ၏ စစ်ဘက်အဆင့်မြှင့်တင်ရေး ကြိုးပမ်းမှုများကို သိသာထင်ရှားသောအထောက်အပံ့များ မဖြစ်ခဲ့ပေ။ နည်းပညာမြင့်မားသော လက်နက်များအပေါ်တွင်သာ အလေးထားဆောင်ရွက်နေရခြင်းသည် ဥရောပနိုင်ငံများအနေဖြင့် လက်နက်များ အစုလိုက်အပြုံလိုက် ထုတ်လုပ်နိုင်ရေးအတွက် ရှန်းကန်ရလျက်ရှိကြောင်းကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ အမြောက်လက်နက်စနစ်နှင့် ခဲယမ်းများအပေါ် ရုရှားနိုင်ငံ၏ အလေးထားဆောင်ရွက်မှုသည် ယူကရိန်းနိုင်ငံကို အမြောက်တိုက်ပွဲများဆင်နွှဲရာတွင် အနောက်နိုင်ငံများ၏ နည်းပညာနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အဆင့်မြင့်နည်းပညာများကို ဖြတ်တောက်လျှော့ချစေနိုင်သည်။

အမေရိကန်နှင့်ရုရှားတို့၏ ကာကွယ်ရေး စက်မှုလုပ်ငန်းများသည် ဈေးနှုန်းချိုသာသော ဒရုန်းများ ထုတ်လုပ်နိုင်ရေး ရှန်းကန်ရလျက်ရှိသည်။ ဒရုန်းများသည် မကြာသေးမီကဖြစ်ပွားခဲ့သော ပဋိပက္ခများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အထူးသဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အာမေနီးယားနှင့် အဇာဘိုင်ဂျန်ကြား ဖြစ်ပွားခဲ့သောတိုက်ပွဲ၌ ဒရုန်းများ၏အခန်းကဏ္ဍသည် ကျယ်ပြန့်စွာပါဝင်လျက်ရှိသည်။ တူရကီနိုင်ငံသည် ဒရုန်းများတိုးတက်ထုတ်လုပ်လျက်ရှိပြီး အာမေနီးယား-အဇာဘိုင်ဂျန်တိုက်ပွဲ၊ လစ်ဗျားနှင့်ဆီးရီးယားတို့တွင် ၎င်း၏ဒရုန်းများကို အသုံးပြုခဲ့သည်။ တူရကီသည် ယူကရိန်းသို့ဒရုန်းများ ရောင်းချနေသလို အီရန်ကလည်း ရုရှားသို့ဒရုန်းများရောင်းချလျက်ရှိသည်။ တူရကီနှင့်အီရန်တို့သည် အနောက်အုပ်စုများ၏ လက်နက်စနစ်များနေရာတွင် ၎င်းတို့၏ ဒရုန်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချသွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

တူရကီနိုင်ငံအနေဖြင့် ယူကရိန်းကိုလက်နက်ထောက်ပံ့လျက်ရှိသလို အခြားတစ်ဖက်တွင် ရုရှားထံမှ S-400 ဒုံးကျည်ကာကွယ်ရေးစနစ်ဝယ်ယူရေး ဆွေးနွေးလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ စစ်လက်နက် စက်မှုလုပ်ငန်းသည် သိမ်မွေ့နက်နဲကြောင်း သက်သေပြသလျက်ရှိသည်။ ဖြီးပြည့်စုံသော လက်နက်များ ထုတ်လုပ်သောစက်မှုလုပ်ငန်းသည် ပထဝီနိုင်ငံရေးနှင့် လက်နက်များကို ဒေသတွင်း၌ ဈေးနှုန်းချိုသာစွာ ထုတ်လုပ်နိုင်ကြောင်းကို ယူကရိန်းပဋိပက္ခက မီးမောင်းထိုးပြသလျက်ရှိသည်။ သာဓကအနေဖြင့် တရုတ်နိုင်ငံသည် ယူကရိန်း သို့မဟုတ် ရုရှားကို စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ပေးခြင်း မရှိသော်လည်း အဆိုပါနိုင်ငံများသို့ အရပ်ဘက်သုံး ဒရုန်းများ တင်ပို့ရောင်းချလျက်ရှိသည်။

လက်နက် ထုတ်လုပ်ရောင်းချသူများအနေဖြင့် အနာဂတ်တွင် အဆိုပါလက်နက်များဖြင့် ၎င်းတို့ကို ပြန်လည်တိုက်ခိုက်နိုင်မှုအပေါ်တွင်လည်း စိုးရိမ်ပူပန်ရလျက်ရှိသည်။ ၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များက အမေရိကန်ကိုတိုက်ခိုက်ရန် ဗီယက်နမ်သို့ တရုတ်နိုင်ငံ၏ လက်နက်ထောက်ပံ့မှုများသည် ၁၉၇၉ ခုနှစ် တရုတ်-ဗီယက်နမ် ပဋိပက္ခကာလတွင် အဆိုပါလက်နက်များဖြင့် တရုတ်နိုင်ငံသို့ ပြန်လည်တိုက်ခိုက်ခဲ့သည်။ ထို့ပြင် အာဖဂန်နစ္စတန်နှင့် အီရတ်သို့ ထောက်ပံ့ပေးခဲ့သော အမေရိကန်လက်နက်များသည် တာလီဘန်နှင့် IS လက်ထဲသို့ရောက်ရှိသွားတော့သည်။

လက်နက်တင်ပို့ရောင်းချသူများ၏ သဘောထားကိုလိုက်၍ ၎င်းတို့၏လက်နက်များကို ဝယ်ယူသူများက လက်နက်ခဲယမ်းများကို မည်သို့မည်ပုံအသုံးပြုနေမှုနှင့် စပ်လျဉ်း၍လည်း တာဝန်မကင်းချေ။ အမေရိကန်သည် ဆော်ဒီအာရေဗျသို့ လက်နက်တင်ပို့မှုအတွက် တာဝန်မကင်းချေ။ ဆော်ဒီအာရေဗျသည် အဆိုပါလက်နက်များကို ယီမင်တွင်အသုံးပြုခဲ့ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများရှိခဲ့သည်။ အနောက်နိုင်ငံများမှ ယူကရိန်းနိုင်ငံသို့ ပံ့ပိုးကူညီထားသော လက်နက်ခဲယမ်းများမှာလည်း မှောင်ခိုဈေးကွက်သို့ ရောက်ရှိသွားမည်ဖြစ်သည်။ ထို့ပြင် ယူကရိန်းနိုင်ငံသို့လက်နက်များ ဆက်လက်ပေးပို့ကူညီနေခြင်းသည် နိုင်ငံတကာ လက်နက်ကုမ္ပဏီများ၏ ရပ်တည်ချက်နှင့်ဂုဏ်သိက္ခာတို့ ကင်းမဲ့လာစေပြီး ပဋိပက္ခအပေါ်မှ ခေါင်းပုံဖြတ်မှုများ ဖြစ်ပေါ်လာစေလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- **The war in Ukraine shaking up the global arms industry by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ပင်လယ်ပြာပြာ မိုးပြာပြာဇာတ်လမ်းတွဲကို မေ ၂၀ ရက်တွင် fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် မေ ၂၈**

ပင်လယ်ပြာပြာ မိုးပြာပြာရုပ်သံဇာတ်လမ်းတွဲကို fortune tv ရုပ်သံလိုင်းမှ မေ ၂၀ ရက်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသည့် ဒါရိုက်တာ ဟိန်းစိုးက ပြောပြ၍ သိရသည်။

ပင်လယ်ပြာပြာ မိုးပြာပြာရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာမကြီး ယုဝတီခင်စိန်လှိုင်၏ဝတ္ထုကို ဇာတ်လမ်းဇာတ်ညွှန်း ရည်မွန်အောင်က ရေးသားထားခြင်းဖြစ်ပြီး ရွှေပြည်နန်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ခဲ့ကာ fortune tv ရုပ်သံလိုင်းက မေ ၂၀ ရက်မှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၇ နာရီတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"တစ်ခေတ်တစ်ခါက ထင်ရှားခဲ့တဲ့ စာရေးဆရာမကြီး ယုဝတီခင်စိန်လှိုင်ရဲ့ဝတ္ထုကို ရိုက်ကူးတင်ဆက်ထားတာဖြစ်ပါတယ်။ ပင်လယ်ကမ်းခြေက ရွာကလေးတစ်ရွာကို ဇာတ်အိမ်တည်ထားတဲ့အတွက် နာမည်ကျော်ပြီး လူသိများတဲ့ ငွေဆောင်ကမ်းခြေမှာ ဇာတ်အိမ်တည်ပြီး အများဆုံး ရိုက်ကူးထားပါတယ်။ နာမည်ကြီးဝတ္ထုဖြစ်တဲ့အတွက် မူရင်းအရသာ မပျက်အောင် ဒီဘက်ခေတ်နဲ့လဲ ကိုက်ညီအောင် အတတ်နိုင်ဆုံး ကြိုးစားထားပါတယ်"ဟု ဒါရိုက်တာဟိန်းစိုးက ပြောပြသည်။

ပင်လယ်ပြာပြာ မိုးပြာပြာရုပ်သံဇာတ်လမ်းတွဲတွင် အဓိကဇာတ်ဆောင်များအဖြစ် သရုပ်ဆောင် အောင်ရေချမ်း၊ မေမီကိုကို၊ အင်ကြင်းထူးတို့က ပါဝင်သရုပ်ဆောင်ထားပြီး ဝါရင့်ဇာတ်ပို့များဖြစ်ကြသည့် မင်းသူ၊ နေဆန်း၊ ဝေလု၊ ဟိန်းဝေ၊ နေဖလု၊ ခင်ဇာခြည်ကျော်၊ ဝင်းမင်းသန်း၊ သာသာ၊ စသည့်အနုပညာရှင်များက အားဖြည့်ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Dodgeball နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးရန် ၂၀ ရာစုရုပ်ရှင်စတူဒီယိုပြင်ဆင်

**နယူးယောက် မေ ၂၈**

Dodgeball အမည်ရှိ အားကစားလောကနောက်ခံ ဟာသဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားကို ၂၀ ရာစုရုပ်ရှင်စတူဒီယိုက ရိုက်ကူးထုတ်လုပ်ရန် ပြင်ဆင်နေကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

Dodgeball နောက်ဆက်တွဲဇာတ်ကားတွင် မူလ Dodgeball (2004) ဇာတ်ကားမှ မင်းသား ဗင်ဗွန်း ပြန်လည်ပါဝင်လာမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျော်ဒန်ဗင်ဒီနာက ရေးသားပေးမည်ဖြစ်သည်။

လက်ရှိတွင် Dodgeball နောက်ဆက်တွဲဇာတ်ကားတာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို ၂၀ ရာစုရုပ်ရှင်စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း၊ မူလ Dodgeball ဇာတ်ကားကိုမူ ဒါရိုက်တာ ရော်ဆင်မာရှယ်သာဘာက ရိုက်ကူးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မူလ Dodgeball ဇာတ်ကားသည် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာသန်း ၂၀ မျှသာရှိခဲ့သော်လည်း ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၄ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

KKO



# သရုပ်ဆောင် ဦးဝင်းနိုင်(အနုပညာ) မင်္ဂလာဒုံမြို့နယ်ရှိ အနုပညာဆည်းဆာရိပ် ဘိုးဘွားရိပ်သာတွင် ကွယ်လွန်

**ရန်ကုန် မေ ၂၈**

ဝါရင့်သရုပ်ဆောင် ဦးဝင်းနိုင် (အနုပညာ)သည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အနုပညာဆည်းဆာရိပ် ဘိုးဘွားရိပ်သာတွင် ယနေ့နံနက် ၆ နာရီ မိနစ် ၃၀ တွင် ကွယ်လွန်ခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

သရုပ်ဆောင် ဦးဝင်းနိုင် (အနုပညာ) သည် ကွယ်လွန်ချိန်တွင် အသက် ၇၄ နှစ်ရှိပြီဖြစ်ပြီး ၎င်းသည် လေဖြန်းသည့်ဝေဒနာကို ခံစားနေရသူဖြစ်ကာ အနုပညာဆည်းဆာရိပ် ဘိုးဘွားရိပ်သာတွင် နေထိုင်၍ ဆေးကုသမှုခံယူနေသူဖြစ်ကြောင်း သိရသည်။

"ကျွန်တော်နဲ့ စာစောင်တစ်ခုမှာ အတူတွဲလုပ်ဖူးတယ်။ နှစ်ပေါင်းများစွာပါပဲ။ နောက်ပိုင်းကျမှ ကျွန်တော်နဲ့တွဲပြီးတော့ ရုပ်ရှင်ထဲဝင်တာ။ အခုလို ကွယ်လွန်သွားတဲ့အတွက်တော့ စိတ်မကောင်းဖြစ်ရပါတယ်။ သူက ဇာတ်သဘင်ကလာတဲ့လူတစ်ယောက်ပါ။ ဇာတ်သဘင်ကနေ ရုပ်ရှင်လောကထဲကိုဝင်လာတာပါ။ ရုပ်ရှင်ကျတော့လဲ သူက အောင်မြင်တယ်။ အဲဒီတုန်းက ဝင်းနိုင်တွေများနေတာ။ နဂါးလေး ဝင်းနိုင်တို့ဘာတို့ အဲဒါတွေရှိတယ်၊ အဲဒီတော့ ကျွန်တော်တောင်ပြောသေးတယ်။ ဝင်းနိုင်တွေများနေတယ်လို့ဆိုတော့ မဟုတ်ဘူး။ ကျွန်တော့်နာမည်အရင်းနဲ့ပဲ လုပ်မယ်ဆိုပြီးတော့ ဝင်းနိုင်(အနုပညာ)နဲ့ လုပ်တာ။ ဒါပေမဲ့ သူက ပေါက်ရောက်သွားတယ်။ အခုချိန်ကျတော့ အတူလုပ်ခဲ့တဲ့ လူတစ်ယောက်အတွက် စိတ်မကောင်းဖြစ်ရပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။



သရုပ်ဆောင် ဦးဝင်းနိုင် (အနုပညာ)သည် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားပေါင်းများစွာတွင် ဇာတ်ပို့အဖြစ် ပါဝင်သရုပ်ဆောင်ရိုက်ကူးခဲ့ပြီး အငြိမ့်ဇာတ်သဘင်လောကတွင်လည်း လူရွှင်တော်အဖြစ် လုပ်ကိုင်ခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။

ASH

# Smile နောက်ဆက်တွဲဇာတ်ကားရိုက်ကူးရန် Paramount ရုပ်ရှင်ကုမ္ပဏီစီစဉ်ထား

**နယူးယောက် မေ ၂၈**

သဘာဝလွန်ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကားဖြစ်သည့် Smile ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရန် Paramount ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က မေ ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။


Smile(2022) ဇာတ်ကားသည် Paramount ရုပ်ရှင်ကုမ္ပဏီအတွက် အောင်မြင်မှုရရှိခဲ့သော ထိတ်လန့်သည်းဖို ဇာတ်ကားတစ်ကားဖြစ်ခဲ့သည်။

Smile ဇာတ်ကားသည် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၁၇ သန်းသာရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၂၀ ခန့်ထိ ရရှိခဲ့သည်။

လက်ရှိတွင် Smile နောက်ဆက်တွဲဇာတ်ကားကို ရိုက်ကူးရေးအတွက် တရားဝင်ပြင်ဆင်မှုများ စတင်နေပြီဖြစ်ကြောင်း Paramount ရုပ်ရှင်ကုမ္ပဏီက ရုပ်ရှင်ရုံပိုင်ရှင်များညီလာခံ (2023) တွင် အတည်ပြုကြေညာထားသည်။

Smile နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးမည့်ဒါရိုက်တာနှင့် ပါဝင်မည့်သရုပ်ဆောင်များကို Paramount ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

KKO




# သိုက်စားဇာတ်ကားကို Sky Net၊ ကြယ်တံခွန် YouTube Channel နှင့် NHN Application တို့မှ မေလတွင် ထုတ်လွှင့်ပြသမည်

**ရန်ကုန် မေ ၂၈**

သိုက်စားဇာတ်ကားကို Sky Net ရုပ်သံလိုင်း၊ ကြယ်တံခွန် YouTube Channel နှင့် NHN Application တို့မှ လာမည့် မေလတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် နေထူးနိုင်က ပြောပြ၍ သိရသည်။

သိုက်စားအမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကားသည် ဖိုးကျော်(သန်လျင်)၏ ဇာတ်လမ်းဇာတ်ညွှန်းကို ဒါရိုက်တာ ဇော်ထွန်းက ဖန်တီးတင်ဆက်ထားခြင်းဖြစ်ပြီး သရုပ်ဆောင် နေထူးနိုင်နှင့်အတူ ကျော်ဇောဟိန်း၊ ကြယ်စင်ရှိုင်း၊ နန်းထိပ်ထားဦး၊ ပန်းကဗျာကျော်၊ ရဝိန်၊ မိုးစက် စသည့်အနုပညာရှင်များက ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါဇာတ်ကားသည် တစ်ပိုင်းတည်းအပြီး ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"ကျေးလက်ကို အခြေခံပြီးတော့ ဗဟုသုတဖြစ်စေမဲ့ ဒီပညာပေးဇာတ်ကားလေးကိုတော့ ကျွန်တော်ရဲ့ ကိုယ်ပိုင် YouTube Channel ဖြစ်တဲ့ ကြယ်တံခွန်အင်တာတိန်းမန့် YouTube Channel ကနေ မေလမှာ အခမဲ့ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ ဒ့ါပြင် Sky Net ရုပ်သံလိုင်းကလဲ ထုတ်လွှင့်ပြသသွားမှာပါ"ဟု သရုပ်ဆောင် နေထူးနိုင်က ပြောပြ၍ သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing pays respects to Sayadaw of Bhamo Monastery, who is receiving medical treatment at the General Hospital in Mandalay, and asks after his health



Senior General Min Aung Hlaing and Daw Kyu Kyu Hla pay respects to Sayadaw of Bhamo Monastery.

**Nay Pyi Taw April 29**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by wife Daw Kyu Kyu Hla and officials, this morning paid respects to Chairman of State Sangha Maha Nayaka Committee Principal of Bhamo Monastery, Mandalay, Sayadaw Agga Maha Pandita Agga Maha Gandavacaka Pandita Abhidhaja Maha Rattha Guru Abhidhaja Agga Maha Saddhammajotika Bhaddanta Kumarabhivamsa, who was receiving medical treatment at the General Hospital in Mandalay.

First, the Senior General paid respects to the Sayadaw and asked after his health. He asked the medical superintendent and officials about the treatment and meal services for the Sayadaw, and looked into the requirements.

The Senior General explained progress in erecting the Maravijaya Buddha Image in Maravijaya Buddha Park, Dekkhinathiri Township, Nay Pyi Taw, Union Territory, and the visits of pilgrim-monks led by State SMNC Sayadaws from all around the country, the four aims of the Image – **for the world to behold the flourishing of Theravada Buddhism in Myanmar, for the country to serve as the centre of Theravada Buddhism, for national peace and tranquility, and for global peace and tranquility,** the national scale Buddha Day to be held on the fullmoon day of Kason 1385 ME (3 May 2023), efforts to make Myanmar the centre of Theravada Buddhism, the correct stand of the Sangha under the leadership of eminent monks and sought Ovada from the Sayadaw.

The Senior General and wife donated medical equipment, supplements and cash for the Sayadaw and listened to his sermons.

The Senior General asked the medical superintendent and specialist physicians about Sayadaw's health condition and looked into the requirements. 100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing asks after health of Presiding Nayaka Sayadaw of Nagarhnakaung Monastery, attends to needs

**Nay Pyi Taw April 29**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, accompanied by officials, inspected the provision of healthcare services to Presiding Nayaka Sayadaw of Nagarhnakaung Monastery in Tachilek in Shan State (East) State Ovadacariya Abhidhaja Maha Ratha Guru Abhidhaja Agga Maha Saddhama Jotika Agga Maha Pandita Dr Bhaddanta Dhamma Siri this morning.

First, the Senior General and wife and party paid obeisance to the Sayadaw and inspected the provision of healthcare services to the Sayadaw. Responsible officials reported to the Senior General on the health conditions of the Sayadaw. After hearing the reports, the Senior General gave instructions on closely monitoring the health conditions of the Sayadaw constantly, attending to the needs and measures to be taken for strengthening of the immune system of the Sayadaw, personal hygiene and other needs.

Then, the Senior General and wife offered alms, medical supplies, nutritional supplements and cash donations to the Sayadaw.

Afterwards, the Senior General and wife and party paid obeisance to Assistant Presiding Sayadaw of Nagarhnakaung Monastery Bhaddanta Sudhamma and offered alms. The Sayadaw presented Dhamma gifts to the Senior General.

Then, the Senior General gave instructions to officials on closely monitoring the health conditions of the presiding Sayadaw, attending to the needs and systematic arrangements for visitors to pay obeisance to the Sayadaw depending on the health of the Sayadaw. 100



Senior General Min Aung Hlaing and Daw Kyu Kyu Hla ask after health of Presiding Nayaka Sayadaw of Nagarhnakaung Monastery.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects Tachilek Airport runway upgradation



Senior General Min Aung Hlaing gives guidance on Tachilek Airport runway upgradation.

**Nay Pyi Taw April 29**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, together with SAC Joint Secretary Lt-Gen Ye Win Oo, Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Tun Aung and officials, inspected runway upgrading of Tachilek Airport this afternoon.

At the briefing hall, an official reported on upgrading tasks.

After hearing the report, the Senior General gave instructions on preparations for continued upgrade of the runway so that large aircraft can land at Tachilek Airport, the need for timely completion, constant clearing of weeds to keep the airport neat and clean, the erection of complete road signs in the town streets, measures for systematic traffic rule enforcement, the need for the systematic installation of new car license plates in accord with the traffic rules as the campaign period has ended, keeping the town neat and clean, storage of rainwater and maintenance of all water sources to ensure enough drinking water, the need to encourage livestock breeding and MSMEs to ensure enough food supplies, keeping records of export items in relation to border trade and research for boosting trade, the need to manufacture local products, systematic keeping of records of outside travellers coming to Tachilek by road and by air, supervisory measures to ban farmland and straw burning in eastern Shan State because Tachilek Airport was closed for 20 days in March and April due to the smoking caused by such burning, measures to eradicate shifting cultivation and adopt highland farming, and systematic supervision by the region government officials.

Then, the Senior General and party inspected the upgrading of the runway, viewed round the airport building and left necessary instructions after hearing reports by officials.

100

## Gunman kills five, including child, at Texas home

**Texas April 29**

A gunman has killed five people, including an eight-year-old child, at a home in Texas.

Among the other victims were two women found lying on top of two surviving children, police told ABC News.

The incident happened late on Friday night in the town of Cleveland, about 45 miles (70km) north-east of Houston.

The local sheriff's office says the suspect is a Mexican man who is armed with a semi-automatic rifle. He is still on the run.

Officers believe the man was intoxicated as he began shooting near the house. When residents asked him to stop he opened fire inside the home, police say.

A total of 10 people were at the property at the time.

All the victims are said to be from Honduras. No details have been given about their identity or any relationship with the gunman.

The incident occurred days after nine people were injured at a shooting during teenagers' party in western Texas.

Two weeks ago four young people were shot dead during a 16th birthday party in Alabama.

Firearm incidents are the top cause of death for US children and teenagers, according to the US Centers for Disease Control and Prevention.

BBC

## US Army grounds its aircraft after recent mid-air collisions

**Washington April 29**

The US Army has grounded all aircraft except those on "critical missions" after two recent fatal mid-air crashes.

The "aviation stand down" order announced on Friday comes a day after two Apache helicopters collided in Alaska, killing three US Army pilots.

Army Chief of Staff James McConville said the aviators will remain grounded until they complete extra training.

A crash on 20 March involving two Black Hawk helicopters in Kentucky left nine soldiers dead.

"We are deeply saddened by those we have lost," General McConville said in a statement. "It is their loss that makes it all the more important we review our safety procedures and training protocols, and ensure we are training and operating at the highest levels of safety and proficiency."

He added Army pilots "will focus on safety and training protocols to ensure our pilots and crews have the knowledge, training and awareness to safely complete their assigned mission".

The stand down is effective immediately. It does not effect any other part of the US military besides the Army.

BBC



## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## နော်ဝေနိုင်ငံကို MH-60R Seahawk ဘက်စုံသုံးရဟတ်ယာဉ်ခြောက်စင်းရောင်းချရန် အမေရိကန်သဘောတူ



အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် နော်ဝေနိုင်ငံသို့ MH-60R Seahawk ဘက်စုံသုံးရဟတ်ယာဉ်ခြောက်စင်းရောင်းချရန်သဘောတူခွင့်ပြုမှုကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း ဧပြီ ၂၇ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

အဆိုပါရောင်းချမှုတွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ တန်ဖိုးရှိသော ရဟတ်ယာဉ်အတွက် အင်ဂျင်များ၊ ဆိုနာအာရုံခံစနစ်များနှင့် ကမ္ဘာလုံးဆိုင်ရာ တည်နေရာပြစနစ်များကဲ့သို့သော စက်ပစ္စည်းများ၊ ကိရိယာများ စုံလင်စွာပါဝင်ကြောင်း သိရသည်။

အဆိုပါရောင်းချမှုသည် နော်ဝေနိုင်ငံ၏ စစ်ရေယာဉ်ပင်လယ်ပြင်ပြန်လည်ဖြည့်တင်းရေးနှင့် ဆက်သွယ်ရေးကွန်ရက်ချိတ်ဆက်လုပ်ဆောင်ခြင်းများအပါအဝင် စကင်ဒီနေးဗီးယားနိုင်ငံ၏ ကမ်းရိုးတန်းစောင့်တပ်၏စွမ်းရည်များကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း နော်ဝေနိုင်ငံ ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ပြောကြားခဲ့သည်။

နော်ဝေနိုင်ငံသည် ဒေသတွင်းခြိမ်းခြောက်မှုများကို အဟန့်အတားဖြစ်စေရန်နှင့် အမိမြေကာကွယ်ရေးကို အားကောင်းစေရန် အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်ဟု ကာကွယ်ရေးလုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ပြောကြားခဲ့သည်။

MH-60R Seahawk ဘက်စုံသုံးရဟတ်ယာဉ်များ ရောင်းချမှုအတွက် အဓိက ကန်ထရိုက်တာမှာ နယူးယောက်ပြည်နယ် Owego မြို့ရှိ Lockheed Martin Rotary and Mission Systems ဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် C-130J Super Hercules သယ်ယူပို့ဆောင်ရေးလေယာဉ်ကို အမေရိကန်ဒေါ်လာ ၁၆၆ သန်းဖြင့်ပံ့ပိုးပေးရန် အဆိုပြုထားသော နိုင်ငံရပ်ခြားစစ်ဘက်ရောင်းချမှုတစ်ရပ်ကိုလည်း သဘောတူခွင့်ပြုခဲ့သည်။

နော်ဝေနိုင်ငံသည် Block 6 အထက် C-130J သယ်ယူပို့ဆောင်ရေးလေယာဉ်လေးစင်းအတွက် ပံ့ပိုးရောင်းချပေးရေးနှင့် ဝန်ဆောင်မှုများပေးအပ်သွားရန် တောင်းဆိုထားခြင်းဖြစ်သည်။

ရောင်းချမှုတွင် Joint Mission Planning Systems၊ လေယာဉ်အစိတ်အပိုင်းများ၊ အပိုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများပါဝင်သည်။

အတည်ပြုထားသော အဆိုပါရောင်းချမှုသည် ခေတ်မီစစ်ရေယာဉ်များတွင် လေကြောင်းနှင့် ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ပေးခြင်းဖြင့် စစ်ဆင်ရေးဆိုင်ရာ တိုက်ပွဲဝင်အသင့်ဖြစ်မှုကို အားကောင်းစေရုံမျှမက ယခုလက်ရှိနှင့်အနာဂတ်ခြိမ်းခြောက်မှုများကိုရင်ဆိုင်ရန် နော်ဝေနိုင်ငံ၏ စစ်ရေးစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ပြောကြားခဲ့သည်။

**US Approves Sale of Six MH-60R Seahawk Helicopters to Norway ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယစစ်ဘက်က ပြည်တွင်းထုတ် Kamikaze ဒရုန်း ၄၀၀ ကျော် ဝယ်ယူခဲ့

အိန္ဒိယစစ်ဘက်က ပြည်တွင်းထုတ် Kamikaze တိုက်ခိုက်ရေးဒရုန်းအစင်း ၄၀၀ ကျော်ဝယ်ယူရန်အတွက် ပြည်တွင်းကုမ္ပဏီတစ်ခုနှင့် သဘောတူညီမှုရရှိခဲ့ကြောင်း www.thedefensepost.com သတင်းရင်းမြစ်က ဧပြီ ၂၆ ရက်တွင် ရေးသားဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ ပြည်တွင်းကုမ္ပဏီ Solar Industries Nagpur သည် Nagastra-1 Kamikaze မောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်းများဖြစ်သည့် Loitering Munitions များကိုပံ့ပိုးပေးရန် အိန္ဒိယရူပီး ၂ ဒသမ ၁၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၅သန်း)ကို တင်ဒါအောင်မြင်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ဘက် ပိုလန်နှင့် အစ္စရေးနိုင်ငံကုမ္ပဏီများအပေါ် ကျော်ဖြတ်အနိုင်ရခဲ့ခြင်းလည်းဖြစ်သည်။

ကုမ္ပဏီ၏ ရာနှုန်းပြည့်ပိုင် လုပ်ငန်းခွဲဖြစ်သော Economic Explosives Ltd သည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် Loitering Munitions မောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်းများပံ့ပိုးရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း Solar Industries Nagpur ၏ တင်ဒါတင်သွင်းမှုအချက်အလက်များအပေါ် ကိုးကား၍ PSU Watch သတင်းဌာနက အစီရင်ခံရေးသားဖော်ပြခဲ့သည်။

အိန္ဒိယတပ်မတော်သည် တစ်နှစ်အတွင်းပေးပို့ရန် လိုအပ်သည့်အရေးပေါ်ပြဋ္ဌာန်းချက်များအောက်တွင် အဆိုပါ Loitering Munitions ဝယ်ယူရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ခြင်းလည်းဖြစ်သည်။

လျှပ်စစ်စွမ်းအင်သုံး အဆိုပါမောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်းများသည် စောင့်ကြည့်ရေး၊ ကင်းထောက်ရေး မစ်ရှင်များအတွက် နေ့၊ ည အသုံးပြုနိုင်သောကင်မရာတစ်လုံးနှင့် ပေါ့ပေါ့ပါးပါးပစ်မှတ်များကို ပျက်ပြယ်တုံ့ပြန်ဖျက်ဆီးနိုင်စေမည့် အစိတ်စိတ်အမြွှာမြွှာပြန့်ကြဲတိုက်ခိုက်နိုင်သည့် Fragmentation Warhead ဖောက်ခွဲဖျက်ဆီးရေးထိပ်ဖူးတစ်ခုပါရှိကြောင်း The Economic Times သတင်းဌာနအဆိုအရ သိရသည်။

Loitering Munitions မောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်းများတွင် လူသားအော်ပရေတာ လုပ်ဆောင်ချက်များဖြင့် အကွာအဝေး ၁၅ ကီလိုမီတာ(၉မိုင်)ထိ ပျံသန်းတိုက်ပွဲဝင်နိုင်မည်ဖြစ်ပြီး အလိုအလျောက် လုပ်ဆောင်ချက်များဖြင့် အကွာအဝေး ကီလိုမီတာ ၃၀(၁၉မိုင်)ထိ ပျံသန်းတိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။

GPS လမ်းညွှန်စနစ် အသုံးပြုထားသော Loitering Munitions များသည် ပစ်မှတ်ကို နှစ်မီတာ (၆ ဒသမ ၅ ပေ)ထိ တိကျစွာပစ်ခတ်တိုက်ခိုက်နိုင်ပြီး လေထဲတွင် မိနစ် ၆၀ ပျံသန်းနေနိုင်စွမ်းရှိကြောင်း သိရသည်။

ရည်မှန်းချက်(မစ်ရှင်)တစ်ခု ပျက်ပြယ်သွားပါက အဆိုပါတိုက်ခိုက်ရေးဒရုန်းကို ပြန်လည်ဆင်းသက်ရန် အမိန့်ပေးခေါ်ဆောင်နိုင်ပြီး နောက်တစ်ကြိမ် ပြန်လည်အသုံးပြုရန်အတွက် Parachute Recovery နည်းလမ်းဖြင့် ဆင်းသက်နိုင်စွမ်းရှိမည်ဖြစ်သည်။



**Indian Army Procures Over 400 Locally-Made Kamikaze Drones ကို ဘာသာပြန်ဆိုထားပါသည်။**

## တောင်ကိုရီးယားက Hypersonic ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ကို တီထွင်ထုတ်လုပ်မည်



တောင်ကိုရီးယားအစိုးရသည် Hypersonic ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ကို တီထွင်ထုတ်လုပ်မည်ဖြစ်ကြောင်း ဧပြီ ၂၈ ရက်က Yonhap News Agency က ထုတ်ဖော်ပြောကြားခဲ့သည်။

မြေပြင်မှ ဝေဟင်ပစ် တာဝေးပစ်ဒုံးကျည်(L-SAM II)ကို ဝမ် ၂ ဒသမ ၇၁ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃) ဘီလီယံဖြင့် ၂၀၂၄-၂၀၃၅ ခုနှစ်အတွင်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း Yonhap News Agency မှ Defense Acquisition Program Administration (DAPA) ကာကွယ်ရေးဆိုင်ရာ ဝယ်ယူရေးစီမံကိန်း အုပ်ချုပ်ရေးအဖွဲ့ကို ကိုးကား၍ ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်တွင် Hypersonic ဒုံးကျည်များကဲ့သို့ အမြင့်ပေပျံသန်းဝင်ရောက်လာနိုင်သည့်ဒုံးကျည်များနှင့် လေဟုန်စီးပြုလုပ်တိုက်ခိုက်လာနိုင်သည့် ပစ်မှတ်များကို တုံ့ပြန်ဖျက်ဆီးနိုင်သည့် ကြားဖြတ်တိုက်ခိုက်ရေးကိရိယာများ ပါရှိမည်ဖြစ်ကြောင်း အဆိုပါသတင်းရင်းမြစ်က ထည့်သွင်းပြောကြားခဲ့သည်။

Hypersonic ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်သည် ထုတ်လုပ်နေဆဲ L-SAM II ဒုံးကျည်ကာကွယ်ရေးစနစ်၏အကွာအဝေး စွမ်းဆောင်ရည်များထက် သုံးဆပိုမိုမြင့်မားမည်ဟုမျှော်မှန်းထားပြီး ၂၀၂၇ ခုနှစ်တွင် ဖြန့်ကြက်အသုံးပြုရန် စီစဉ်ထားသည်။

L-SAM II ဒုံးကျည်ကာကွယ်ရေးစနစ်သည် အကွာအဝေး ကီလိုမီတာ ၁၅၀(၉၃ မိုင်)နှင့် အမြင့် ကီလိုမီတာ ၄၀ မှ ၁၀၀ (၂၅ မိုင်မှ ၆၂ မိုင်)ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။

ကိုရီးယားအစိုးရ၏ ကာကွယ်ရေးစီမံကိန်းမြှင့်တင်ရေးကော်မတီသည် တောင်ကိုရီးယားစစ်ဘက်ထံ တာလတ်ပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် M-SAM Block III စနစ်ကို ဝမ် ၂ ဒသမ ၈၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံ)ဖြင့် အကောင်အထည်ဖော် ပံ့ပိုးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ Hypersonic ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ကို ၂၀၃၄ ခုနှစ်တွင် စတင်အသုံးပြုနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

"ဒီစီမံကိန်းကနေတစ်ဆင့် မြောက်ကိုရီးယားရဲ့ ချူကလီးယားနဲ့ ဒုံးကျည်ခြိမ်းခြောက်မှုတွေကို တားဆီးကာကွယ်နိုင်မယ်လို့ မျှော်လင့်ပြီး Korea Air and Missile Defence(KMD)စနစ်တိုးတက်မှုအတွက် အထောက်အကူဖြစ်စေမှာပါ"ဟု Yonhap News Agency ကိုးကား၍ Defense Acquisition Program Administration (DAPA) က ပြောကြားသည်။

**South Korea Hypersonic Missile Defense System ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကချင်ပြည်နယ် လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ကုန်တင်ပို့သည့်ကုန်တင်ကားအစီးရေ ဧပြီလစတုတ္ထပတ်မှစ၍ များပြားလာ



**မြစ်ကြီးနား ဧပြီ ၂၉**

ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့် ကုန်စည်များကို လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့ရာတွင် ဧပြီလ စတုတ္ထပတ်မှစ၍ ကုန်စည်တင်ပို့သည့်ကုန်တင်ကားအစီးရေ များပြားလာကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဒေါ်တူးထံမှ သိရသည်။

ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့်ကုန်စည်များကို တရုတ်နိုင်ငံဘက်သို့ လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် ပုံမှန်အတိုင်းကုန်သွယ်မှုပြုလုပ်လျက်ရှိကြောင်း၊ ယခုလက်ရှိကာလတွင် ၎င်းနယ်စပ်ဂိတ်မှ ဖရဲ၊ သရက်သီးအပါအဝင် ဆန်၊ ငရုတ်၊ ကြက်သွန်စသည့် ကုန်စည်များကို တင်ပို့သည့် ကုန်တင်ကားအစီးရေ များပြားလာကြောင်း သိရသည်။

"အခုလွယ်ဂျယ်နယ်စပ်ဂိတ်ကနေ တရုတ်နိုင်ငံဘက်ကို ပြည်တွင်းကထွက်ရှိတဲ့ ဖရဲ၊ သရက်သီးနဲ့ ဆန်၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက်စတဲ့တင်ပို့မဲ့ကုန်တွေ ပိုများလာတယ်။ အဲဒီလို ကုန်စည်ရရှိမှုများလာတာကြောင့် ကုန်တင်ကားအစီးရေလဲ ပိုပြီးများလာတယ်" ဟု ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြသည်။

ပြည်တွင်းမှ ထွက်ရှိသည့် ဖရဲ၊ သရက်သီး၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက် စသည့်ကုန်စည်များကို လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ တင်ပို့ရာတွင် ဧပြီလ ဒုတိယပတ်က တစ်ရက်လျှင် အစီးရေ ၂၀၀ ကျော်သာရှိခဲ့သော်လည်း လက်ရှိ ဧပြီလ စတုတ္ထပတ်မှစ၍ ယနေ့ထိ ကုန်စည်များတင်ပို့သည့် ကုန်တင်ကားအစီးရေ တစ်ရက်လျှင် ၄၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

"လွယ်ဂျယ်ကနေ တရုတ်ဘက်ကိုတင်ပို့တဲ့ ကုန်စည်တွေကတော့ အခုရက်ပိုင်း တဖြည်းဖြည်းပြန်ပြီးများလာတယ်။ တချို့ ၁၂ ဘီးကားတွေနဲ့လဲ ပြောင်းဖူးစတဲ့ အခြားကုန်စည်တွေ တင်ပို့တဲ့ကုန်တင်ကားတွေလဲရှိပါတယ်"ဟု ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ဆက်လက်ပြောပြသည်။

(၁၈၄)

# ညောင်လေးပင်မြို့နယ် စစ်ကုန်းကျေးရွာ၌ ဂဝံမြေနီခင်းခြင်းပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်လေးပင်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု စစ်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေနီခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့်



ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်း ဂဝံမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ စစ်ကုန်းကျေးရွာ ကျေးရွာတွင်းလမ်း အရှည်ပေ ၃၀၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီခင်း ခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၃၅ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုလပထမပတ်ကစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သန်းလွင်(မကွေး)**

# ရှာငံမြို့နယ် ထီးလှိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရှာငံ ဧပြီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ထီးလှိုင်ကျေးရွာအုပ်စု ထီးလှိုင်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ထီးလှိုင်ကျေးရွာရှိ ရပ်မိရပ်ဖများ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဦးစီးအရာရှိ ဦးအောင်လွင်မိုးနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ထီးလှိုင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉၅ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထီးလှိုင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၇ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉၅ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီးဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၉-၄-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၉၆၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၃၀၀၀၀ |
| **(ဖွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၂၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများအား သွားရောက်ကြည့်ရှု၊ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဓမ္မသီရိအား ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးထားသည့်အခြေအနေများကိုကြည့်ရှုရာ တာဝန်ရှိသူများက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မပြတ်စောင့်ကြည့်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ ကိုယ်ခံစွမ်းအားရှိစေရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးတို့အတွက်ကိုလည်း ဆောင်ရွက်ပေးရန်နှင့် အခြားလိုအပ်သည်များကို အလေးထားမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် နဂါးနှစ်ကောင်ကျောင်းတိုက် လက်ထောက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသုဓမ္မအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး၏ ကျန်းမာရေးနှင့်ပတ်သက်၍ အထူးအလေးထားစောင့်ကြည့်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေအရ ဧည့်တွေ့ဖူးမြော်မှုများကိုလည်း စနစ်တကျဖြစ်စေရေးတို့နှင့်ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။



**တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် လက်ထောက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသုဓမ္မက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်စဉ်။**



**တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က သွားရောက်ကြည့်ရှုဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းစဉ်။**



**တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးထားသည့်အခြေအနေများကို ကြည့်ရှုစဉ်။**



**တာချီလိတ်မြို့ နဂါးနှစ်ကောင် ကျောင်းတိုက် လက်ထောက် ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တသုဓမ္မအား နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ အချိန်မီ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မှတ်ပုံတင် မော်တော်ယာဉ်များအားလုံးကို ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အပြီး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ကြရန် အသိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပြီး လာရောက်လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတတ်နိုင်ဆုံး အဆင်ပြေအောင် လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ သတ်မှတ်ကာလစေ့ရောက်ပြီဖြစ်သော်လည်း ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ပြောင်းလဲတပ်ဆင်ရန် ယာဉ်အချို့ ကျန်ရှိနေသည့်အတွက် ၂၀၂၃ ခုနှစ် ဧပြီလကို ပညာပေးကာလအဖြစ် သတ်မှတ်၍ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပညာပေးကာလ ကျော်လွန်ပါက လိုအပ်သည့် စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသို့ ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားပုံစံအသစ်များ အမြန်ဆုံးပြောင်းလဲတပ်ဆင်ကြရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေး အထောက်အကူပြုအဖွဲ့ အစည်းအဝေး(၁/၂၀၂၃) ကျင်းပ

နေပြည်တော် ဧပြီ ၂၉

တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေးအထောက်အကူပြုအဖွဲ့ (၁/၂၀၂၃) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရုံးအမှတ်(၁၀) ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များအပါအဝင် ဖိတ်ကြားထားသူ ၁၂ ဦး၊ Online ဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင် ၇၅ ဦး စုစုပေါင်း ၈၇ ဦး တက်ရောက်ကြသည်။

အစည်းအဝေးကို အစီအစဉ် ၁၆ ရပ်ဖြင့် ကျင်းပရာ တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က ပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ်ကစ၍ ကိုဗစ်-၁၉ ရောဂါကြောင့် တရားရုံးများ အပြည့်အဝ ရုံးထိုင်စစ်ဆေးနိုင်ခဲ့ခြင်းမရှိခဲ့သဖြင့် စစ်ဆေးဆဲ အမှုများကြန့်ကြာမှုမရှိစေရန်၊ ပြစ်မှုကျူးလွန်ခံရမှုကြောင့် ထိခိုက်နစ်နာသူများ နစ်နာမှုမရှိစေရန်၊ တရားစွဲဆိုခံထားရသူများ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန်အတွက် တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုအဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၃၄၀/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့ပြီး အထောက်အကူပြု လုပ်ငန်းအဖွဲ့နှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တို့ကို ထပ်မံဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ တရားစီရင်ရေးတွင် ဝင်ရောက်စွက်ဖက်ရန် မဟုတ်ဘဲ တရားရုံးများ၌ စစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများကို မြန်ဆန်၊ မှန်ကန်စွာဖြင့် စစ်ဆေးစီရင်နိုင်ရန်အတွက် လိုအပ်သည့်ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ၁-၂-၂၀၂၁ ရက်မှစ၍ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များနှင့် ဆက်စပ်ပြီး အရေးယူထားသည့်အမှုများအနက် သီးသန့်တရားရုံးထိုင်၍ စစ်ဆေးဆဲအမှုများ၊ အကြမ်းဖက်မှုနှင့်ဆက်စပ်၍ ကျူးလွန်ခဲ့သည့်ပြစ်မှုများကို သီးသန့်တရားရုံးဖြင့် စစ်ဆေးသင့်သည့်အမှုများ၊ အချုပ်တရားခံ နှစ်နှစ်နှင့်အထက် ကြန့်ကြာနေသည့် ရာဇဝတ်မှုများ၊ ထူးခြားထင်ရှားသောအမှုများကို ဦးစားပေးအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

တရားရုံးစစ်ဆေးဆဲအမှုများကို တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် ၁၄ ရုံး၊ ခရိုင်တရားရုံး ၁၁၄ ရုံး၊ မြို့နယ်တရားရုံး ၃၀၈ ရုံးနှင့် သီးသန့်တရားရုံး ၁၈၉ ရုံး စုစုပေါင်း ၆၂၅ ရုံးဖြင့် တရားစီရင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် တရားစွဲအဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဥပဒေရုံးများနှင့် တရားရုံးများတွင် တွေ့ရှိရသည့် အားနည်းချက်များအပေါ် အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို သုံးသပ်ဆွေးနွေးခဲ့ပြီး ပထမအဆင့်ရည်မှန်းချက်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလထိသတ်မှတ်၍ တရားရုံးစစ်ဆေးဆဲမှုခင်းများကို ရာနှုန်းပြည့်နီးပါး ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ဒုတိယအဆင့်ရည်မှန်းချက်ကာလကို ၂၀၂၃ ခုနှစ် ဇူလိုင်လထိသတ်မှတ်၍ ကျန်ရှိသည့်အမှုများ ပြီးပြတ်အောင်ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များအနေဖြင့် စီမံချက်ရေးဆွဲဆောင်ရွက်၍ အဖွဲ့ဝင်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်နှင့် လိုအပ်သည့် အကြံဉာဏ်များကို ဖြည့်စွက်ဆွေးနွေးပေးရန် ပြောကြားသည်။

ဆက်လက်၍ တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက စတင်ဖွဲ့စည်းခဲ့သည့် ၈-၁၁-၂၀၂၁ ရက်မှစတင်၍ တရားရုံးစစ်ဆေးဆဲ အမှုအရေအတွက်များ၊ လစဉ်တရားရုံးများမှ အပြီးသတ်အမိန့်ချမှတ်ခဲ့သည့်အမှုများ၊ လစဉ်တရားရုံးများသို့ ထပ်မံစွဲတင်ခဲ့သည့်အမှုများနှင့် လက်ကျန်အမှုများကို ကျန်ရှိသည့်ကာလများတွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုဆွေးနွေးတင်ပြခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် Online ဖြင့်တက်ရောက်သည့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်များက အသီးသီးတင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယအဆင့် ရည်မှန်းချက်ကာလဖြစ်သည့် ၂၀၂၃ ခုနှစ် ဇူလိုင်လကုန်တွင် ကျန်ရှိသည့် တရားရုံး စစ်ဆေးဆဲအမှုများကို စစ်ဆေးစီရင်ရာတွင် လျာထားစီမံချက်ပါအတိုင်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် တွေ့ကြုံလာသည့် အခက်အခဲများအပေါ် ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဖြေရှင်းကြရန်၊ ဌာနဆိုင်ရာ အဖွဲ့အစည်းအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။




တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေးအထောက်အကူပြုအဖွဲ့အစည်းအဝေး(၁/ ၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

## ဧပြီ ၂၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်ဦးရေ ၁၃၀ တွေ့ရှိပြီး တစ်ဦးသေဆုံး

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၈၀၆ ဦး |
| သေဆုံးသူ | ၁၉၄၉၂ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၈၁၈ ဦး |

နေပြည်တော် ဧပြီ ၂၉

ဧပြီ ၂၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၄၁၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်ဦးရေ ၁၃၀တွေ့ရှိခဲ့ပြီး ယနေ့တွင် တစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို မေ ၃၁ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်**

၁၃၈၅ ခုနှစ် ကဆုန်လဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ် ဧပြီလ ၂၉ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ဧပြီ ၃၀ ရက်ထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို မေ ၃၁ ၅ရက်ထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများကို မကွေးမြို့မှ ပင့်ဖိတ်ထားသော ဆရာတော်ကြီးများ လာရောက်လေ့လာဖူးမြော်ကြည်ညို

**နေပြည်တော် ဧပြီ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မကွေးမြို့ သံဃာရာမကျောင်းတိုက်မှ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တစိန္တသာရ ဦးဆောင်လျက် ပင့်ဖိတ်ထားသောဆရာတော်၊ သံဃာတော် စုစုပေါင်း အပါး ၁၀၀ တို့က ယနေ့နံနက်ပိုင်းတွင် လာရောက်လေ့လာဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ ဆရာတော်၊ သံဃာတော်ကြီးများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တို့အား ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင်ဝန်ချီစက် တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများ၊ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်




**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက် ပူဇော်နေမှုအခြေအနေများအား မကွေးမြို့ သံဃာရာမကျောင်းတိုက်မှ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တစိန္တသာရ ဦးဆောင်သော ဆရာတော်၊ သံဃာတော်များ လာရောက်လေ့လာဖူးမြော်ကြည်ညိုပြီး စုပေါင်းဓာတ်ပုံရိုက်စဉ်။**



**ဆရာတော်၊ သံဃာတော်ကြီးများက ကျောက်စာရုံစေတီတော်များ တည်ဆောက်ပြီးစီးမှုအခြေအနေများအား လှည့်လည်လေ့လာဖူးမြော်ကြည်ညိုစဉ်။**



**ဆရာတော်၊ သံဃာတော်ကြီးများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုအခြေအနေများအား လှည့်လည်လေ့လာဖူးမြော်ကြည်ညိုစဉ်။**

တည်ထားကိုးကွယ်ရန် စကျင်ကျောက်တုံးတော်ကြီးများအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃/၄) အအုံ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှုအခြေအနေများကို ရှင်းလင်း



**ဆရာတော်၊ သံဃာတော်ကြီးများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားစဉ်။**



**ဆရာတော်၊ သံဃာတော်ကြီးများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက ကျောက်စာရုံစေတီတော်များ တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားစဉ်။**

လျှောက်ထားသည်။

ထို့နောက် ပင့်ဖိတ်ထားသောဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော် တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှုအခြေအနေများကိုလည်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်ကြီးများအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်ကြီးများထံမှ ပရိတ်တရားတော်များကို နာယူခဲ့ကြကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် တောင်ကြီးလူရည်ချွန် အပန်းဖြေစခန်းဖွင့်လှစ်

**နေပြည်တော် မေ ၂၉**

၂၀၂၃ ခုနှစ် တောင်ကြီးလူရည်ချွန် အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တောင်ကြီး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက လူရည်ချွန် အပန်းဖြေစခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ၂၀၂၃ ခုနှစ် တောင်ကြီး လူရည်ချွန်အပန်းဖြေစခန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယပိုင်းအခမ်းအနားကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက လူရည်ချွန်လူငယ်မောင်မယ်များအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ စံနမူနာပြလူငယ်များ ပေါ်ထွန်းလာစေရန် စသည့် အချက်များနှင့်ပြည့်စုံအောင် ကြိုးစားသွားကြစေလိုကြောင်း၊ ဆက်လက်သင်ယူရမည့် ပညာရပ်နယ်ပယ်များတွင် ထူးချွန်ထက်မြက်အောင် ဆက်လက်အားထုတ်ကြိုးပမ်းကြရန်နှင့် တတ်မြောက်ထားသည့် အသိပညာ အတတ်ပညာများဖြင့် မိမိတို့ဒေသ၊ ဌာန၊ အဖွဲ့အစည်းကို ကောင်းမွန်စွာ ခေါင်းဆောင်မှုပေးနိုင်သည့် အနာဂတ်နိုင်ငံတော်၏ ခေါင်းဆောင်ကောင်းဖြစ်အောင် ရည်မှန်းကြိုးပမ်းဆောင်ရွက်ကြ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် တာဝန်ရှိသူများက တောင်ကြီး လူရည်ချွန် အပန်းဖြေစခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူရည်ချွန် ကျောင်းသားတစ်ဦးကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က လူရည်ချွန် ကျောင်းသူတစ်ဦးကိုလည်းကောင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လူရည်ချွန်မောင်မယ်နှစ်ဦးကိုလည်းကောင်း ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုဂံလူရည်ချွန်စခန်းဖွင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

ပုဂံလူရည်ချွန် စခန်းဖွင့်ပွဲ အခမ်းအနား တက်ရောက် လာကြသူများ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



**မန္တလေး မေ ၂၉**

ပုဂံလူရည်ချွန် စခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အောင်မြေသာရပ်ရှိ ပုဂံလူရည်ချွန်စခန်း မှခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဝင်း၊ တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ လူရည်ချွန်ကြီးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ၊ ကြီးကြပ် ဆရာ၊ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပုဂံလူရည်ချွန်စခန်းကို လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားကို Heritage Bagan Hotel ၌ ဆက်လက်ကျင်းပရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လူရည်ချွန်ကျောင်းသား၊ကျောင်းသူများအတွက် လူရည်ချွန်တံဆိပ်များကို ကျောင်းသား၊ ကျောင်းသူ ကိုယ်စားလှယ်တစ်ဦးစီထံ ပေးအပ်ရာ လူရည်ချွန်ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ လူရည်ချွန်ကြီးများက လူရည်ချွန်ကျောင်းသား ကျောင်းသူများကို ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးကာ ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ကြပြီး လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများက အမှတ်တရသစ်ပင် စိုက်ပျိုးကြသည်။

ဆက်လက်၍ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ မနူဟာဘုရား၊ မြစေတီ+ ဂူပြောက်ကြီးဘုရား၊ ဗူးဘုရား၊ ထီးလိုမင်းလိုဘုရား၊ ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းဝိသုကာလက်ရာများကို အုပ်ချုပ်သူဆရာ၊ ဆရာမများနှင့်အတူ သွားရောက်ဖူးမြော်လေ့လာကြသည်။

ညပိုင်းတွင် ပုဂံလူရည်ချွန် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနားကို စတင်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က စခန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ၍ လူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြပြီး ဂုဏ်ပြုဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ပြည်ထဲရေးဝန်ကြီးဌာန အဆင့်မြင့်ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆရာဖြစ်သင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင် ဝန်ထမ်း အမျိုးသမီးများ၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းအရာထမ်းများ၏ မိသားစုဝင်များ အဆင့်မြင့်ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆရာဖြစ်သင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီတက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် အဆင့်မြင့်ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆရာဖြစ်သင်တန်းတက်ရောက်ရခြင်းကြောင့်ရရှိသော အကျိုးကျေးဇူးများနှင့်ပတ်သက်၍ သင်တန်းသူတစ်ဦးက ရှင်းလင်းတင်ပြပြီး အခမ်းအနားရုပ်သိမ်းခဲ့သည်။

အဆိုပါ အဆင့်မြင့်ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆရာဖြစ်သင်တန်းသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်း အမျိုးသမီးများ၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်း အရာထမ်းများ၏ မိသားစုဝင် သင်တန်းသူ စုစုပေါင်း ၆၄၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၂၄ ရက်မှ ၂၉ ရက်ထိ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ပို့ချခဲ့သည်။

အဆင့်မြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆရာဖြစ်သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးအတွက် တစ်နိုင်ငံလုံးတွင် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်လျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာန၌ တာဝန်ထမ်းလျက်ရှိသည့် တပ်ဖွဲ့ဝင် ဝန်ထမ်း မိသားစုဝင်များအနေဖြင့် ဗုဒ္ဓဘာသာအကြောင်းသိရှိပြီး ယဉ်ကျေးလိမ္မာ၍ စာရိတ္တကောင်းမွန်စေရန်၊ မြတ်ဗုဒ္ဓ၏ အဆုံးအမများနှင့် ဂုဏ်တော်ကျေးဇူးများကို သိရှိနားလည်တတ်စေရန်၊ အမျိုးဘာသာ သာသနာကိုစောင့်ရှောက်ပြီး နိုင်ငံနှင့် လူမျိုးအကျိုးကိုသယ်ပိုးနိုင်သော နိုင်ငံသားကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် ယဉ်ကျေးလိမ္မာဆင့်ပွားသင်တန်းများ စနစ်တကျဖွင့်လှစ်နိုင်ရေးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ ပြည်ထဲရေး ဝန်ကြီးဌာန အဆင့်မြင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ဆရာဖြစ်သင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။



# ဈေးကွက်ပေါက်ဈေးများ

၂၉-၄-၂၀၂၃

## ရွှေ

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေဈေး | တစ်ကျပ်သား ကျပ် | ၂၃၄၃၃၀၀ |
| ကမ္ဘာ့ရွှေဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၉ |

## နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၂၄ |
| ရုရှား | တစ်ရူဘယ် | ကျပ် | ၂၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၁ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

# မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၂၉-၄-၂၀၂၃

| စဉ် | မြို့အမည် | | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ငစိန် | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပဲ့ခြောက် | ကြက်ဥတစ်လုံး | ဘဲဥတစ်လုံး |
| ၁ | နေပြည်တော် | ၅၀၀၀ | ၂၇၀၀ | ၁၆၀၀ | ၁၃၅၀၀ | ၂၁၆၀၀ | ၁၃၀၀-၁၆၀၀ | ၃၇၀၀-၄၁၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၁၈၇၀၀-၁၈၉၀၀ | ၈၀၀၀ | ၁၄၀၀၀-၁၈၀၀၀ | ၂၅၀ | ၃၀၀ |
| ၂ | ရန်ကုန် | ၄၅၀၀ | ၂၇၀၀ | ၂၁၀၀ | ၁၃၅၀၀ | ၁၀၀၀၀-၁၅၀၀၀ | ၁၂၅၀-၂၀၀၀ | ၃၅၀၀-၇၀၀၀ | ၁၈၀၀-၂၈၀၀ | ၉၅၀၀-၁၀၀၀၀ | ၁၀၀၀၀-၁၂၀၀၀ | ၈၀၀၀-၁၀၀၀၀ | ၂၂၀၀၀-၂၈၀၀၀ | ၂၅၀-၃၀၀ | ၃၀၀-၃၅၀ |
| ၃ | မန္တလေး | ၄၈၀၀ | ၂၉၀၀ | - | ၁၃၅၀၀ | ၁၄၀၀၀ | ၁၈၀၀-၂၀၀၀ | ၅၆၀၀ | ၃၂၀၀ | ၁၃၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၀၀၀၀-၁၃၀၀၀ | ၂၇၀ | ၃၂၀ |
| ၄ | တောင်ကြီး | ၄၄၅၀ | ၂၃၅၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၃၅၀၀-၄၀၀၀ | ၄၅၀၀-၅၀၀၀ | ၂၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၂၅၀၀၀ | ၂၀၀-၂၅၀ | ၃၄၀ |
| ၅ | မော်လမြိုင် | ၃၉၀၀ | ၃၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၄၀၀-၁၅၀၀ | ၅၀၀၀-၅၅၀၀ | ၁၇၀၀-၁၈၀၀ | ၉၀၀၀-၁၀၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | - | ၁၅၀၀၀-၁၆၀၀၀ | ၂၅၀-၃၀၀ | ၃၅၀-၄၀၀ |
| ၆ | ပုသိမ် | ၃၂၀၀ | ၂၄၀၀ | - | ၁၅၀၀၀ | ၁၃၀၀၀-၁၈၀၀၀ | ၁၆၀၀-၁၇၅၀ | ၅၆၀၀-၆၀၀၀ | ၂၀၀၀-၂၃၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၅၀၀၀-၁၈၀၀၀ | ၈၀၀၀-၈၅၀၀ | ၂၂၀၀၀-၂၄၀၀၀ | ၂၇၀ | ၃၂၀ |
| ၇ | ကျိုင်းတုံ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၃၅၀၀-၄၅၀၀ | ၄၀၀၀-၅၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | - | ၂၀၀၀၀ | ၂၅၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင်ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အနောက်အုံကျေးရွာနေ အောင်သူထွန်းနှင့် ကုံးကျေးရွာနေ ကျော်ဘုန်းစံ(ခ)သားသားတို့သည် ၎င်းတို့အသုံးပြုသည့် "Aung Thu Htun" Facebook အကောင့်၊ "Thar Thar" Facebook အကောင့်၊ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ရဲရင့်မင်းသွင်(ခ)ရဲရင့်သည် ၎င်းအသုံးပြုသည့် "Ye Yint Min Twin" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက်နေ အေးမြလင်းသည် ၎င်းအသုံးပြုသည့် "Aye Mya Linn" Facebook အကောင့်နှင့် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်နေ ရန်နောင်ဟိန်း(ခ)ယုန်လေးသည် ၎င်းအသုံးပြုသည့် "Yan Naung Hein" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

0 w Kv d @

# မျိုးစေ့

နေထူး



(၁)

"ဒီလိုပြဿနာတွေ ဖြစ်နေမယ်ဆိုရင် မင်းတို့နဲ့ ငါမနေနိုင်ဘူး"

ငြိမ်သက်နေသည့်စကားဝိုင်းလေးကို ဦးကြိုင်က စတင်ဖြိုခွင်းလိုက်သည်။

ဦးကြိုင်နှင့် မျက်နှာချင်းဆိုင်တွင်ထိုင်နေသည့် သိုက်စိုးအမေ၏ မောင်ဖြစ်သူကတော့ မျက်နှာမကောင်းစွာဖြင့် ခေါင်းကို ဖြည်းညင်းစွာယမ်းလိုက်သည်။ စကားသံကတော့ ဘာမျှထွက်မလာတော့။ ပြောဖို့ရာလည်း စကားစကရှာမရတော့။ သည်အဖေ၊ သည်သား၊ သည်ချွေးမနှင့် မြေးကလေးနှစ်ယောက်ရှိကြတာ။ ပြဿနာက အဖြေရှာမရဖြစ်နေသည်။

ဖခင်ဖြစ်သူကအနေအေးသလို စီစီစစ်စစ်သမား။ ပြောရရင် အလကားရသည့်ရေတောင် သေးခဏာခဏာ ပေါက်ရမှာစိုး၍ မသောက်ဘူးဆိုရလောက်သည့်စနစ်သမား။ သားဖြစ်သူကတော့ လေတစ်လုံးမိုးတစ်လုံးသမား။ ဘာလုပ်လုပ် ကြီးကြီးကျယ်ကျယ်လုပ်ချင်ပြီး လက်ကြားရေယို ပရမ်းပတာသမားဟု ပြောရလောက်အောင် ခုရေတွင်းတူး ခုရေကြည်သောက်ချင်သည့်သူဖြစ်သည်။

"အစ်မရေစောစောသေသွားတာပဲ အစ်မအတွက် ခပ်ကောင်းကောင်း"ဟု ရေရွတ်ရင်း သိုက်စိုး၏ဦးလေးဖြစ်သူက သက်ပြင်းရှည်ကြီးချလိုက်သည်။

"ဟူး"

သိုက်စိုးကတော့ ပေသီးခေါက်နေသည်။ သည်အဖေနှင့် သည်သားပဲရှိတာ ဘာတွေခွဲခြားခွဲခြားလုပ်နေရသလဲပေါ့။ ယခုလည်း သူအောလိုက်၍ ငွေသိန်း ၅၀ ခန့် ဆုံးရှုံးသွားသည်ကို ပုံကြီးချဲ့နေသည့်ဖခင်ဖြစ်သူကို အံ့သြနေမိသည်။ နောက်မိန်းမယူရလောက်အောင်ကလည်း အသက်က ၇၀ ကျော်နေပြီ။ ဘာတွေများခွဲခြားချင်နေပါလိမ့်ဟု အဖြေထုတ်နေမိသည်။

သိုက်စိုး၏ဇနီးဖြစ်သူလေးကတော့ သားအဖနှစ်ယောက်ကြား ဘာမျှဝင်ပြောဟန်မရှိ။ တစ်ဖက်နှင့်တစ်ဖက်က အပူနှင့်အအေးလို ရောစပ်ဖို့က ခက်နေသည်။ သူစိမ်းတွေမှမဟုတ်ကြဘဲ ကောင်းမယ်ထင်သလိုသာ လုပ်ကြတော့ဆိုပြီး ငြိမ်၍သာနားထောင်နေမိသည်။ သားများကလည်း ကလေးတွေမို့ လူကြီးတွေပြဿနာထဲ ဝင်မပါရှာ။

ဦးကြိုင်အသံက ထွက်လာပြန်သည်။

"ငါတော့ ဒီလိုစဉ်းစားထားတယ်။ မင်းတို့ကို ငါ ငွေသိန်း ၃၀၀ ပေးလိုက်မယ်။ မင်းဖြုန်းလိုက်တဲ့ ငါ့ငွေသိန်း ၅၀ တော့ တစ်ခါတည်းဖြတ်ယူထားတယ်။ ကျေနပ်ရင်ယူ၊ မကျေနပ်ရင် မင်းတို့ဖြစ်ချင်သလို လုပ်ကြ။ ငါစိတ်ညစ်မခံနိုင်ဘူး။ ငါသေဖို့အတွက် ပြင်ဆင်ရအုံးမယ်။ မင်းကိုငါတောင်းပန်ပါတယ် သိုက်စိုးရယ်။ ငါမင်းအပေါ် မကျေမနပ်ဒေါသကြီးနဲ့ သေမသွားပါရစေနဲ့ကွာ"ဆိုပြီး စကားစဖြတ်သွားသည်။

ဦးကြိုင်စကားဆုံးသွားတော့ သိုက်စိုးတစ်ခုခုကို ဆုံးဖြတ်ပြီးဟန်ဖြင့်-

"ကျွန်တော်တစ်ခုမေးပါရစေအဖေ။ အဖေ့မှာ သားသမီးက ကျွန်တော်တစ်ယောက်တည်းရှိတာ။ အဖေသေသွားခဲ့ရင် အမွေတွေ ဘယ်သူ့ကို ပေးခဲ့မလို့လဲ"ဟုမေးလိုက်သည်။

ဦးကြိုင်က-

"ဒီမှာသား၊ မင်းက မင်းအလုပ်ကို မင်းလုပ်၊ အဖေက အဖေ့အလုပ် အဖေလုပ်မယ်။ ဒီအသက်အရွယ်ရောက်မှ အဖေမိန်းမထပ်မယူဘူးဆိုတာတော့ ပြောနိုင်တယ်။ အခြားအရာတွေကတော့ မင်းအပေါ်မှာမူတည်တယ်။ ဒီအမွေတွေ မင်းဆက်ခံသင့်ရင် မင်းရမယ်။ အေး မင်းပုံမကျရင်တော့"ဆိုပြီး စကားကို ဖြတ်သွားသည်။

သူ့အဖေ၏ပြတ်သားသည့်စကားကိုကြားပြီးသိုက်စိုးတစ်ယောက် သူ့အဖေစီမံမှုကို လက်ခံလိုက်သည်။ လောလောဆယ် သူ့စိတ်ထဲတွင်ရှိနေသည်က နှစ်လုံးထီထိုး၍ရှုံးသွားသည့် သိန်း ၅၀ နောက်ကို ငွေနှင့်လိုက်ရန်သာ အားသန်နေသည်။

သည်လိုနှင့် သိုက်စိုးတို့မိသားစုသည် သူ၏မွေးဖွားရာ ဇာတိချက်မြှုပ်အိမ်ကြီးမှ သူငယ်ချင်းတစ်ယောက်၏ကားလေးငှားပြီး ထွက်ခွာလာခဲ့သည်။ ဖခင်ကြီးကတော့ သူတို့နှုတ်ဆက်ကန်တော့သည်ကို မသိဟန်ပြုပြီး ဘုရားစင်ရှေ့တွင် တရားထိုင်နေလေ၏။

(၂)

သိုက်စိုးတို့မိသားစုထွက်သွားပြီး ခဏအကြာမှာ အိမ်ခြံတံခါးဆွဲပိတ်သည့်အသံကြားလိုက်ရသည်။ သူ၏ဖခင်ဦးကြိုင်က အသည်းမာဟန်ရှိသော်လည်း ရုပ်ရှင်ဇာတ်ကားကြည့်ပြီးတောင် ဝမ်းနည်းနေတတ်သူဆိုတော့ ယခုလည်း မျက်ရည်ကျပြီး ငိုရှိုက်နေလိမ့်မည်ဆိုတာ သိုက်စိုးတွက်လိုက်မိသည်။ ပိတ်သွားသည့်ခြံတံခါးနှင့်အတူ သူကိုယ်တိုင်အမွေစားအမွေခံစွန့်လွှတ်ကြောင်း လက်မှတ်ထိုးပေးခဲ့ရ၍ သည်အိမ်၊ သည်ခြံနှင့်သူ လားလားမှ မသက်ဆိုင်တော့ပါလားဟု တွေးမိပြီး မျက်ရည်ဝဲမိသွားသည်။

ဖခင်ဖြစ်သူက သူ့ကိုငယ်စဉ်ကလေးဘဝကတည်းက ပုံသွင်းလာခဲ့သူဖြစ်သည်။ ကျောင်းသွားလျှင် သူများတွေလို မုန့်ဖိုးမပေး။ ပဲကြီးလှော်ကိုသာ ထည့်ပေးခဲ့သူဖြစ်သည်။ ပဲကြီးလှော်ကိုတောင် "ရော့ အင့်"ဆိုပြီး ဖောဖောသီသီပေးခဲ့သူမဟုတ်။ နံနက်ပိုင်းကျောင်းသွားလျှင် ဘယ်လောက်၊ ကျောင်းကပြန်လာလျှင် ဘယ်လောက်ဆိုပြီး ပဲကြီးလှော်ကိုပင် အစေ့ရေတွက်၍ ကျွေးခဲ့သူဖြစ်သည်။ မိခင်ဖြစ်သူကတော့ ဖခင်မသိအောင် မုန့်ဖိုးကို ပိုပိုသာသာခိုးပြီး ပေးတတ်သူမို့ အဆင်ပြေခဲ့သည်။ ယခု အမေက ဆုံးသွားရှာပြီဆိုတော့ မိခင်ဖြစ်သူကို တမ်းတမ်းတတနှင့်လွမ်းမိလိုက်သည်။ ယခုအချိန် အမေများရှိနေသေးရင် သူဝေစုလေးခွဲပြီး သားမိုက်နှင့် လိုက်နေလေဦးမည်။ လောလောဆယ် သိုက်စိုးတို့မိသားစု အိမ်ကလေးငှားနေဖြစ်ကြသည်။ တစ်လလောက်ငှားနေကြပြီး သင့်တင့်သည့်အိမ်ကလေးဝယ်ကြမည်ပေါ့။

လောလောဆယ်တော့ ဖုန်းမှန်အကွဲလေးကို ပြန်ရောင်းပြီး ခပ်တန်တန်ဖုန်းကလေးဝယ်လိုက်ကာ မျက်မှန်ကြီးတပ်၍ နှစ်လုံး၊ သုံးလုံးချဲထီဂရုပေါင်းစုံ၊ ပေါက်ပေးဆရာပေါင်းစုံအောက်မှ လိုက်၊ ဖော်လို ပေးပြီး ရှုံးသွားသည့် ငွေသိန်း ၅၀ နောက်သို့ မီးကုန်ယမ်းကုန်လိုက်တော့သည်။

လိုက်ခါစတော့ အဆင်ပြေသည်။ ငွေ ၅၀၀၀ ဖိုးတစ်ကွက်က ထပေါက်သောကြောင့် အတော်လေး ဝမ်းသာသွားမိသည်။ သူငယ်ချင်းများနှင့် အောင်ပွဲခံကာ ဖခင်ကြီးအိမ်ရှေ့ ကားကြီးဝယ်ပြီးမှ တစ်နေ့တစ်ခေါက်ဖြတ်မောင်းပြမယ်ဆိုပြီး ကြုံးဝါးလိုက်သေးသည်။ ဇနီးဖြစ်သူကတော့ ဘာမျှဝင်မပြော။ မိန်းမကိုလည်း တူတူတန်တန်ရွှေလေးဆင်ဦးမှဆိုပြီး အထိုက်အလျောက်ဝယ်ပေးခဲ့သေးသည်။ အပူအပင်များ အဝေးသို့ပြေးပြီး ပျော်စရာအိမ်ဂေဟာလေးဟုပင် ထင်မှတ်နေစေသည်။

သံယောဇဉ်မကုန်သည့်ဦးကြိုင်ကြီးကတော့ မျက်နှာကို ခပ်တန်းတန်းထားပြီးနေသော်လည်း သားဖြစ်သူသတင်းကို နားစွင့်နေမိသည်။ ဘယ်အချိန်များ ပါသွားတာကုန်ပြီဟု ကြားရလေမလဲဆိုသည့် ပူပန်မှုနှင့်ပေါ့။ ကြားရခါစက အတော်လေးဟန်ကျနေသည်။ ထိုသို့ကြားရသော်လည်း လောင်းကစားတို့ထုံးစံအတိုင်း ပိန်လိုက်ဖောင်းလိုက်ကိုသိထားသောကြောင့် ဘုရားသာတနေရသည်။ သူ့ဦးကြီးဖြစ်သူကို နားပူနားဆာတိုက်ပြီး ငွေသိန်း ၁၀၀ ဖြင့် အတော်အသင့်ကောင်းသည့်အိမ်ကလေးဝယ်ရန် တိုက်တွန်းစေလိုက်သည်။ ပထမတွင် မောင်သိုက်စိုးက အိမ်ဝယ်ဖို့ အင်တင်တင်ဖြစ်နေသော်လည်း သူ၏ဖခင်က လုပ်ရင်အပြတ်လုပ်တတ်သောကြောင့် သားလေးတွေ ရှေ့ရေးကလည်း ရှိသေး၍ မဝယ်ချင့်ဝယ်ချင်နှင့် ခေါင်းညိတ်လိုက်ရသည်။

(၃)

သည်ကြားထဲ နှစ်လုံး၊ သုံးလုံးချဲထီကလည်း လိုက်လေဝေးလေဖြစ်လာသည်။ အပိုင်ဆိုပြီး ပုံအောတာက မထွက်။ ထွက်လာပြန်တော့ ဂဏန်းပေးသည့်ဆရာက အချိန်ကျလျှင် အကြွေးရှင်လို တောင်းနေတတ်ပြန်သည်။ လွဲလျှင်တော့ ကိုယ်နှင့်ပဲ ကံမထိုက်လေဟန်လုပ်တတ်ကြသေးသည်။ သည်လိုနှင့် ဝယ်ထားသည့်အိမ်ကလေးကိုရောက်တော့ ပါလာတာလေးက ပရွတ်လုံးလို တဖြည်းဖြည်းလုံးပါးပါးလာသည်။ နှစ်လုံး၊ သုံးလုံးချဲထီပေါက်မှ ဟိုကားကြီးဝယ်စီးပြီး ဟိုလိုကြီးလုပ်လိုက်မယ် ကြုံးဝါးထားသော်လည်း တကယ်ကျရှိသည့်ပစ္စည်းလေးသာပြောင်လာသည်။ စက်ဘီးလေးတစ်စီးတောင်မှ ဝယ်မစီးနိုင်ခဲ့။ လောင်းကစားအလုပ်နှင့် အဆင်မပြေလေဘူး။ အခြားမြိုးမြိုးမြက်မြက်လေးရမည့်အလုပ် လေ့လာကြည့်မိသည်။ တွေ့ပါပြီ။ အသားစားကြက်မွေးမြူရေးတဲ့။ မွေးမြူရေးကြာမြင့်ချိန်က ၄၅ ရက်။ ကြက်ချေးကို ရောင်းစားလျှင် အလုပ်သမားခရနိုင်သတဲ့လေ။ အချိုးကြီးမိလိုက်လျှင် ငွေ ၁၄၊ ၁၅ သိန်းက အသာလေးပဲဟုပြောကြသည်။ မွေးမြူတတ်သည့် အသိတစ်ယောက်နှင့် အလုပ်သမားတစ်ယောက်ငှားပြီး အသားစားကြက်မွေးမြူရေးလုပ်ဖြစ်ကြသည်။ ပထမတွင် အစာဖိုး၊ ဆေးဖိုး၊ လုပ်အားခ၊ ခြံခနှင့် အရင်းသာသာ မြတ်ရုံမျှသာမြတ်သည်။ ဒုတိယတွင်တော့ တရုတ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးတွေ့သည့်သတင်း ရိုက်ခတ်မှုကြောင့် သိန်းဆယ်ချီရှုံးသွားခဲ့ရသည်။ သားဖြစ်သူ၏သတင်း နားစွင့်နေသည့် ဦးကြိုင်ကတော့ အကုသိုလ်အလုပ်များမလုပ်စေလိုသော်လည်း ဘာမျှမပြောဘဲ ရေငုံနှုတ်ပိတ်နေတော့သည်။ ကြက်မွေးမြူရေးအလုပ်လုပ်ပြီးကတည်းက သိုက်စိုးတစ်ယောက် မူပြောင်းသွားသည်။ ဘာအလုပ်ဖြစ်ဖြစ်ဖြတ်လမ်းလိုက်လိုသည့် သိုက်စိုးတစ်ယောက် လောင်းကစားအလုပ်ကို အရှုံးနှင့်တုံးတိရပ်လိုက်သည်။ အရင်းလေးပြန်ရလေမလားဆိုပြီး မရေမရာနှင့် ဆက်ပြီး မကစားရဲတော့။ သူ၏လက်ကျန်ပိုက်ဆံလေးကလည်း သိန်း ၅၀ လောက်နှင့် သူ၏ဇနီးလက်ဝတ်လက်စားသာ ကျန်တော့သည်။ ဒါလေးကုန်သွားလျှင် ငါတော့ခက်ပြီ။ အလုပ်ကြမ်းကလည်းမလုပ်နိုင်။ ဖခင်ကြီးကလည်း ပြန်လက်ခံလိမ့်မည်မဟုတ်။ "ဟူး" သိုက်စိုးတစ်ယောက် သက်ပြင်းမောကြီးချလိုက်သည်။

(၄)

ဖခင်ကြီးအိမ်မှာတုန်းက အဝင်အထွက်ပင် မလုပ်ဝံ့သည့် သောက်ဖော်စားဖက်မိတ်ဆွေများ၊ ချေးငှားပြီး ပြန်မပေးကြမည့်သူများကိုလည်း ပါလာတာကုန်သွားပြီဖြစ်ကြောင်း လေသံလွှင့်လိုက်သည်။ ဝင်ထွက်နေကြသူများ အတော်ရှင်းသွားသည်။ သူ့လူ ကိုယ့်လူလည်း တဖြည်းဖြည်းကွဲပြားလာသည်။ ပထမဆုံး အိမ်၏ဝင်ထွက်ငွေကို ထိန်းချုပ်လိုက်သည်။ တစ်နေ့ ဈေးဖိုးက ဘယ်လောက်၊ ကလေးမုန့်ဖိုးကဘယ်လောက်၊ သာရေးနာရေးက ဘယ်လောက်ဆိုပြီး ထိန်းထားလိုက်သည်။ လောလောဆယ် ငွေဝင်ဖို့ထက် ကုန်ငွေကို အရင်ထိန်းလိုက်ရသည်။ တချို့က သိုက်စိုး၏ အချိုးပြောင်းသွား၍ ဦးကပ်စေး၏သားနှပ်ချေးဟု စသူကစကြ၏။

စာမျက်နှာ ၂၅ သို့ ➤

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# လက်တင်အမေရိကနိုင်ငံများ၏ ကင်ဆာရောဂါထိန်းချုပ်ရေး

လက်တင်အမေရိကနိုင်ငံများဟု ဆိုလိုက်လျှင် မြောက်အမေရိကတိုက် တောင်ဘက်စွန်းမှ နိုင်ငံတချို့ပါဝင်သည်။ ကာရစ်ဘီယန်ကျွန်းစုနိုင်ငံများကိုလည်း ထည့်သွင်းစဉ်းစားကြသကဲ့သို့ တောင်အမေရိကတိုက်နိုင်ငံများအားလုံးလည်းပါဝင်သည်။ လက်တင်အမေရိက ဒေသအတွင်းနိုင်ငံပေါင်း ၂၀ ကျော်၊ ၃၀ ခန့်တည်ရှိနေကြပြီး လူဦးရေသန်း ၆၀၀ ကျော် နေထိုင်ကြသည်။ လက်တင်အမေရိကဟူသည့် ဝေါဟာရကို ၁၈၅၆ ခုနှစ်တွင် ကွန်ဖရင့်ညီလာခံတစ်ခု၌ ချီလီနိုင်ငံရေးသမားတစ်ဦးဖြစ်သည့် ဖရန်စစ်စကို ဘီဘာရိုက စတင်သုံးစွဲခဲ့သည်ဟု အဆိုရှိသည်။

လက်တင်ဘာသာစကားကို အဓိကပြောဆိုကြသည့် စပိန်၊ ပေါ်တူဂီနှင့် ပြင်သစ် စသည့်ဥရောပတိုက်သားများ ပြောင်းရွှေ့ရောက်ရှိအခြေချလာခဲ့ရာမှ လက်တင်အမေရိကဒေသဖြစ်ပေါ်လာရသည်။ လက်တင်အမေရိကဒေသအတွင်းနိုင်ငံများသကဲ့သို့ နိုင်ငံရေးအကျပ်အတည်းဖြစ်စဉ်များလည်း များလာခဲ့သည်။ ယနေ့ထိလည်းရှိနေကြဆဲ။

၂၀၂၃ ခုနှစ်ကို နိုင်ငံရေးအကျပ်အတည်းများနှင့်စတင်ဖွင့်လှစ်ခဲ့သည့် လက်တင်အမေရိကနိုင်ငံတစ်နိုင်ငံသည် ဘရာဇီးနိုင်ငံဖြစ်သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှာ သမ္မတဟောင်း ဘိုဆိုနာရိုကို ထောက်ခံကြသည့်ထောင်နှင့်ချီသော လက်ယာစွန်းရောက်ဝန်းရံသူများက သမ္မတအိမ်တော်၊ ကွန်ဂရက်လွှတ်တော်နှင့်တရားရုံးချုပ်ကို ဝင်ရောက်ဆူပူဆန္ဒထုတ်ဖော်ခဲ့ကြသည့်ဖြစ်စဉ်ဖြစ်ပေါ်ခဲ့သည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့် သမ္မတသစ်လူလာဒါဆယ်ဗာ၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲကို သပိတ်မှောက်ခဲ့ကြခြင်းဖြစ်သည်။

သမ္မတဟောင်းကိုထောက်ခံသူများက ဘရာဇီးနိုင်ငံလမ်းမကြီးများကို ပိတ်ဆို့ထားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့မှုများဖြစ်ပွားခဲ့ပြီး နိုင်ငံ့စီးပွားရေးရေစီးကြောင်းကို အဟန့်အတားဖြစ်စေခဲ့သည်။ ထိုသို့သော လူမှုစီးပွား၊ နိုင်ငံရေးပြဿနာများသည် အခြားသောလက်တင်အမေရိကနိုင်ငံများတွင်လည်း ဖြစ်ပွားလျက်ရှိပြီး ကင်ဆာရောဂါများအပါအဝင် ဒေသတွင်းကျန်းမာရေးစောင့်ရှောက်မှုကို ဆုတ်ယုတ်ကျဆင်းစေလျက်ရှိသည်။

ကင်ဆာရောဂါများသည် လက်တင်အမေရိကနိုင်ငံများအတွင်း အဖြစ်များပြီး လူသေဆုံးမှုများစေသည့်ရောဂါကြီးတစ်မျိုးဖြစ်သည်။ ကင်ဆာလူနာသစ်ဦးရေသည်လည်း ပိုမိုများလာနေသည်။ ၂၀၂၀ ပြည့်နှစ် ခန့်မှန်းချက်များအရ လက်တင်အမေရိကနှင့် ကာရစ်ဘီယန်ဒေသများအတွင်း ကင်ဆာလူနာသစ်ဦးရေ ၁ ဒသမ ၅ သန်းရှိခဲ့ပြီး ဦးရေ ခုနစ်သိန်းကွယ်လွန်ခဲ့သည်ဟုဆိုသည်။ အဖြစ်များသည့် ကင်ဆာအမျိုးအစားများမှာ ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာများနှင့်အနောက်တိုင်းယဉ်ကျေးမှုနှင့်ပတ်သက်ဆက်နွှယ်သည့်ကင်ဆာအမျိုးအစားများဖြစ်သည်။

သည်အတိုင်းသာ ကင်ဆာလူနာဦးရေဆက်လက်များပြားလာနေမည်ဆိုပါက ၂၀၄၀ ပြည့်နှစ်ရောက်သည့်အခါ လက်တင်အမေရိကဒေသ၏ တစ်နှစ်တာကင်ဆာလူနာသစ်ဦးရေမှာ ၂ ဒသမ ၄ သန်းထိများပြားလာမည်ဟုခန့်မှန်းထားကြသည်။ အာဂျင်တီးနားနိုင်ငံမှာဆိုလျှင် အချိန်တစ်နာရီတိုင်း ကင်ဆာလူနာသစ် ၁၅ ဦးပေါ်ထွက်နေသည်။ ဒေသအတွင်း ကင်ဆာလူနာသစ်အများဆုံးနိုင်ငံမှာ ဥရုဂွေးနိုင်ငံဖြစ်ပြီး သေဆုံးမှုနှုန်းလည်း အများဆုံးဖြစ်သည်။ ပီရူးနိုင်ငံတွင် ကင်ဆာဆေးဝါးရှားပါးပြတ်လပ်မှုနှင့်ကြုံတွေ့နေရပြီး ဗင်နီဇွဲလားနိုင်ငံတွင် ကင်ဆာကုသမှုအားနည်းသည့် ပြဿနာနှင့်ရင်ဆိုင်နေရသည်။

တကယ်တော့ သည်လိုပြဿနာများဖြစ်လာနိုင်သည်ဟု နဂိုကတည်းက ခန့်မှန်းထားခဲ့ကြပြီးသားဖြစ်သည်။ လွန်ခဲ့သည့် ၁၀ နှစ်ကတည်းက လက်တင်အမေရိကနှင့် ကာရစ်ဘီယန်ကျွန်းဆွယ်ဒေသများအတွင်း ကင်ဆာလူနာသစ်များပြားလာနိုင်ပြီး ကင်ဆာ၏ ဖိစီးမှုကြောင့် လူစွမ်းအားအရင်းအမြစ်များထိခိုက်ကာ နိုင်ငံ့စီးပွားရေးကျဆင်းမှုများထိ ဖြစ်နိုင်ကြောင်း ကြိုတင်အသိပေးခဲ့ကြပြီးဖြစ်သည်။ ယခုလို အခြေအနေဆိုးများကို ကာကွယ်နိုင်ရန် အများပြည်သူကျန်းမာရေးစောင့်ရှောက်မှုအတွက် ရန်ပုံငွေပိုမိုလျာထားချပေးခြင်း၊ ကျန်းမာရေးအာမခံစနစ်ပိုမိုတွင်ကျယ်လာစေရန်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းစဉ်များကို လမ်းညွှန်ပေးခဲ့ပြီးဖြစ်သည်။

❖ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးမတည်ငြိမ်မှုများသည် နိုင်ငံတစ်နိုင်ငံတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေအားနည်းတတ်သည်မှာ ပုံမှန်ဖြစ်သည်။ ထို့ကြောင့် ကင်ဆာရောဂါများ ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးပိုင်းဆိုင်ရာများမှာလည်း အားလျော့နေမည်သာဖြစ်သည်။ လက်ရှိကာလ ကမ္ဘာတစ်ဝန်းတွင် စီးပွားရေးကျပ်တည်းမှုများဖြစ်နေကြသည်။ စားနပ်ရိက္ခာမလုံလောက်မှုနှင့် စီးပွားရေးအခွင့်အလမ်းနည်းပါးမှုများကြောင့် လက်တင်အမေရိကနိုင်ငံများမှ ကြွယ်ဝသည့်နိုင်ငံများသို့ နည်းလမ်းမျိုးစုံဖြင့် ထွက်ခွာသွားသူများပြားလာပြီး ထိုအထဲတွင် ကျန်းမာရေးဝန်ထမ်းအမြောက်အမြား ပါဝင်သွားသဖြင့် နိုင်ငံ့ရှိရင်းစွဲကျန်းမာရေးစောင့်ရှောက်မှုအင်အား ပိုမိုလျော့ကျသွားသည်။ ❖

သို့သော်လည်း လက်တင်အမေရိကဒေသနိုင်ငံများအတွင်း ဆင်းရဲ၊ ချမ်းသာကွာဟမှုအလွန်များသည်။ ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေ လျာထားပေးနိုင်မှုလည်း နည်းသည်။ ကင်ဆာကာကွယ်ရေးမဟာဗျူဟာဆောင်ရွက်ချက်များလည်း အားနည်းသည်။ သည်ကြားထဲ ကိုဗစ်-၁၉ကမ္ဘာ့ကပ်ရောဂါပြဿနာကလည်း အခြေအနေဆိုးကို ပိုတွန်းပို့လိုက်ပြန်သည်။ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးမတည်ငြိမ်မှုများသည် နိုင်ငံတစ်နိုင်ငံတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေအားနည်းတတ်သည်မှာ ပုံမှန်ဖြစ်သည်။ ထို့ကြောင့် ကင်ဆာရောဂါများ ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးပိုင်းဆိုင်ရာများမှာလည်း အားလျော့နေမည်သာဖြစ်သည်။

လက်ရှိကာလ ကမ္ဘာတစ်ဝန်းတွင် စီးပွားရေးကျပ်တည်းမှုများဖြစ်နေကြသည်။ စားနပ်ရိက္ခာမလုံလောက်မှုနှင့် စီးပွားရေးအခွင့်အလမ်းနည်းပါးမှုများကြောင့် လက်တင်အမေရိကနိုင်ငံများမှ ကြွယ်ဝသည့်နိုင်ငံများသို့ နည်းလမ်းမျိုးစုံဖြင့် ထွက်ခွာသွားသူများပြားလာပြီး ထိုအထဲတွင် ကျန်းမာရေးဝန်ထမ်းအမြောက်အမြား ပါဝင်သွားသဖြင့် နိုင်ငံ့ရှိရင်းစွဲကျန်းမာရေးစောင့်ရှောက်မှုအင်အား ပိုမိုလျော့ကျသွားသည်။

တိုင်းပြည်မငြိမ်မသက်မှုများ၊ လူမှုစီးပွားဘဝမညီမျှမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရေးကန့်သတ်ချက်များအားလုံးက ကင်ဆာရောဂါ ကာကွယ်ကုသရေးလုပ်ငန်းစဉ်များနှင့် ပိုမိုအလှမ်းဝေးသွားစေသည်။ ကင်ဆာထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ပိုမိုထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် တစ်နိုင်ငံချင်းစီ ဆောင်ရွက်နေ၍မရဘဲ ဒေသတွင်းနိုင်ငံများအားလုံးက ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဟု ပညာရှင်များကထောက်ပြကြသည်။ လက်တင်အမေရိကဒေသသည် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဘဝနေထိုင်မှုပုံစံများပါ ဆက်စပ်နေသည့်အတွက် ဒေသတွင်းပါဝင်သည့် နိုင်ငံများအားလုံးက ကင်ဆာရောဂါထိန်းချုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ခြင်းဖြစ်သည်။

ကမ္ဘာ့ဘဏ်၏မကြာသေးမီက ထုတ်ပြန်ချက်များတွင် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေးကျဆင်းမှုကြီးနှင့် ကြုံရန် နီးစပ်နေကြောင်း သတိပေးချက်များပါနေသည်။ ကမ္ဘာအရပ်ရပ်တွင် ငွေကြေးနှင့်နိုင်ငံရေးဆိုင်ရာ မတည်ငြိမ်မှုများနှင့်ရင်ဆိုင်နေရသည်။ သို့သော် ကင်ဆာရောဂါများအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပစ်ပယ်ထား၍မရ။ သက်ဆိုင်ရာ နိုင်ငံအစိုးရများအားလုံးက လက်တွဲညီညီဖြင့် ကင်ဆာတိုက်ဖျက်ရေးမူဝါဒများကို လက်တွေ့ကျကျ ဖော်ထုတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါမှ လက်တင်အမေရိကဒေသအတွင်း ကင်ဆာရောဂါဆိုးကြီး၏ နှိပ်စက်မှုကို တွန်းလှန်နိုင်လိမ့်မည်ဖြစ်သည်။

**ကိုးကား-**

**National crises and cancer control: challenges for Latin America and beyond from Lancet Oncology, Feb,2023**

**ဒေါက်တာလှမ်းမိုးဟန်**

# ကံမမြို့နယ် ကျွန်းကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ်ထုတ်ချေး

**ကံမ မေ ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများဆောင်ရွက်ပြီး မိသားစုဝင်ငွေတိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲမှုကိုလျော့ချနိုင်စေရန်ရည်ရွယ်၍ ကျွန်းကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ် ထုတ်ချေးပေးခြင်းကို မေ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် သဘောသဘာဝများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂ ဒသမ ၈၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု ၁၄၉ စုအတွက် ငွေကျပ် ၅၂ ဒသမ ၁၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု နှစ်စုအတွက် ငွေကျပ် သုည ဒသမ ၇၂ သန်း စုစုပေါင်း အိမ်ထောင်စု ၁၅၁ စုအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်း မပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂ ဒသမ ၈၈ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**အထွေး**



# ပိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်းဒုတိယအဆင့်တွင် အပ်နှံရန်ကျန်ရှိနေသည့်တိုက်ခန်းများမှ အကျေပေးသွင်းပြီးသည့်အခန်းပိုင်ရှင်များအား အခန်းသော့စတင်ထုတ်ပေးမည်



**ရန်ကုန် မေ ၂၉**

ဗိုလ်ဗထူး တန်ဖိုးမျှတအိမ်ရာစီမံကိန်းဒုတိယအဆင့်တွင် အပ်နှံရန်ကျန်ရှိနေသည့် တိုက်ခန်းများမှ တန်ဖိုးအကျေပေးသွင်းပြီးသည့် အခန်းပိုင်ရှင်များအား အခန်းသော့များ စတင်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ သတင်းများအရ သိရသည်။

ဗိုလ်ဗထူး တန်ဖိုးမျှတအိမ်ရာစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဗိုလ်ဗထူးလမ်းနှင့် ဘုရင့်နောင်လမ်းဆုံတွင် ငွေကျပ် ဘီလီယံ ၃၀ ရင်းနှီးမြှုပ်နှံဆောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာဒုတိယအဆင့်စီမံကိန်းတွင် ၉၂၇ စတုရန်းပေ အကျယ်အဝန်းရှိအခန်းများပါဝင်သည့် ရှစ်ထပ်တိုက်အဆောက်အအုံ ၁၉ လုံးနှင့် ၆၁၄ စတုရန်းပေ အကျယ်အဝန်းရှိအခန်းများပါဝင်သည့် ရှစ်ထပ်တိုက်အဆောက်အအုံ ရှစ်လုံး စုစုပေါင်းအဆောက်အအုံ ၂၇ လုံး အခန်း ၈၆၄ ခန်း ပါဝင်ကြောင်း သိရသည်။

ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာအခန်းများ၏ရောင်းဈေးနှုန်းများမှာ ၆၁၄ စတုရန်းပေရှိ အခန်းတစ်ခန်းလျှင် ငွေကျပ် ၂၈၅ သိန်း၊ ၉၂၇ စတုရန်းပေရှိ အခန်းတစ်ခန်းလျှင် ငွေကျပ် ၃၇၇ သိန်းဖြစ်ပြီး ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ ဆောင်ရွက်ပြီးစီးခဲ့သည့် နေအိမ်တိုက်ခန်းများကို ၂၀၂၀ ပြည့်နှစ်နိုဝင်ဘာလမှ စတင်ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် Myanmar V-Pile Co.,Ltd က ဆောင်ရွက်ခဲ့သည့် ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်းဒုတိယအဆင့်တွင် အပ်နှံရန်ကျန်ရှိနေသည့် လေးခန်းတွဲ ရှစ်ထပ်တိုက်အဆောက်အအုံ ၁၉ လုံးမှ အခန်း ၆၀၈ ခန်းမှာ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအခန်းများကို ဝယ်ယူကာ တိုက်ခန်းတန်ဖိုးငွေအကျေပေးသွင်းပြီးဖြစ်သည့် တိုက်ခန်းပိုင်ရှင်များအား အခန်းသော့များကို ယခုနှစ် မေ ၅ ရက်မှ စတင်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါအိမ်ရာတွင် ကလေးများဆော့ကစားရန် ကစားကွင်းများနှင့် အပန်းဖြေဥယျာဉ်များ ထည့်သွင်းဆောက်လုပ်ထားကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။ (၃၃၆)

# ဘားအံမြို့နယ် ခဲတောက်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး စစ်ဆေး

**ဘားအံ မေ ၂၉**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခဲတောက်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး မြေပြင်အခြေအနေ တိုင်းတာခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ခဲတောက်ကျေးရွာ၌ ခဲတောက်-ကမ်းကလေး ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေးအတွက် လမ်းအရှည် ပေအကျယ်၊ သတ်မှတ်ထားသည့် စံနှုန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ၊ မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိစေသည့် လမ်းအမျိုးအစားဖြစ်စေရေးအတွက် မြေပြင်အနိမ့်အမြင့် တိုင်းတာခြင်း၊ လမ်းအူကြောင်းရှာဖွေခြင်း၊ လက်ရှိ ကုန်ထုတ်လမ်းအသုံးပြုမှုအခြေအနေ၊ မြေနေရာရရှိနိုင်မှု အခြေအနေများ၊ ရေပြွန်နှင့် တံတားလိုအပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခဲတောက်ကျေးရွာ၌ ခဲတောက်-ကမ်းကလေး ကုန်ထုတ်လမ်းအရှည် တစ်မိုင် ငါးဖာလုံ ဖောက်လုပ်ရန်လျာထားပြီး အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ပေးမည်ဆိုပါက ကျေးရွာရှိ အိမ်ခြေ ၆၅၀၊ လူ ၂၈၈၇ ဦးနှင့် လယ်ဧက ၃၀၀ ကျော်မှ ထွက်ရှိလာသောထုတ်ကုန်၊ ထွက်ကုန်များဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ တင်ပို့နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ပြောပြ၍ သိရသည်။ **အိုအို**

# ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်နှစ်ခု ခွင့်ပြုပေးခဲ့

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်နှစ်ခု ခွင့်ပြုပေးပြီး အဆိုပါ လုပ်ငန်းသစ်များမှလုပ်သား ၁၆၃ ဦးအတွက် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အတွင်းရေးမှူး ဦးညီညီမင်းက ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် တစ်ခုနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်တစ်ခုကို လုပ်ကိုင်ခွင့်ပြုခဲ့ပြီး အဆိုပါလုပ်ငန်းသစ်များမှ လုပ်သားအင်အား ၁၆၃ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"မေ ၂၆ ရက်မှာ ကျင်းပခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး (၄/၂၀၂၃) အစည်းအဝေးကနေ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုနဲ့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုကို ခွင့်ပြုပေးလိုက်တာ ဖြစ်ပါတယ်။ အတည်ပြုပေးခဲ့တဲ့ လုပ်ငန်းတွေကတော့ ရော်ဘာကုန်ကြမ်းတွေကို ပြည်ပတင်ပို့တဲ့လုပ်ငန်းနဲ့ ချပ်ဖာတွေ ထုတ်လုပ်ပြီး ပြည်တွင်းရောင်းချတဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ မတည်ငွေရင်းပမာဏကတော့ ငွေကျပ်သန်း ၂၅၀၀ နဲ့ အမေရိကန်ဒေါ်လာ တစ်သန်း ဖြစ်ပါတယ်" ဟု ဦးညီညီမင်းက ပြောပြသည်။



ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ရန် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ လစဉ် ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။ ASH

# မတ္တရာမြို့နယ်၌ စီမံကိန်းကျေးရွာများရွေးချယ်

**မတ္တရာ မေ ၂၉**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းကျေးရွာများ ရွေးချယ်ပွဲကို မေ ၂၈ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် VDP စီမံကိန်းများ၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအကြောင်း၊ စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် လိုက်နာရမည့် မူဝါဒများအကြောင်း ဆွေးနွေးကာ သတ်မှတ်ချက်နှင့် ကိုက်ညီပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန် အမှန်တကယ်လိုအပ်သော ကျေးရွာများကို ရွေးချယ်ပေးစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာရွေးချယ်ရေးစံနှုန်းများနှင့်ကိုက်ညီသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာတစ်ရွာနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကျေးရွာနှစ်ရွာ စုစုပေါင်း ကျေးရွာသုံးရွာတို့ကို ရွေးချယ်ပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်က ပြောပြ၍ သိရသည်။ **ချမ်းဦးကို**



# နွားထိုးကြီးမြို့နယ် ချောင်းဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နွားထိုးကြီး မေ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို မေ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသိန်း၊ စီမံကိန်းတာဝန်ခံများက ကော်မတီဝင်များနှင့်အတူ ချောင်းဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ အရောင်းအဝယ်၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စာရင်းဇယားများ ဖြည့်သွင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ချောင်းဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒုတိယနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၄၂ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသိန်းထံမှ သိရသည်။ **သက်မာ**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## အစအနောက်သန်က ဘေးတွေ့ရ

တစ်ခါတုန်းက ရွာတစ်ရွာမှာ အစအနောက် သိပ်ကိုသန်တဲ့ ဖိုးကောက်နဲ့ ငထွန်းဆိုတာ ရှိသတဲ့ကွယ်။ သူတို့သူငယ်ချင်းနှစ်ယောက်က ကျောင်းမှာလဲ တတွဲတွဲ၊ ရွာမှာလဲ မခွဲအတူကြည်ကြည်ဖြူဖြူနဲ့ ပေါင်းကြလေ့ရှိတယ်။

တစ်နေ့ တစ်နေ့ ဘယ်သူ့ကိုလိုက်ပြီးစရ၊ နောက်ရမလဲလို့ အမြဲတမ်းတွေးနေတတ်ပါတယ်။ တစ်ခါတလေ အတန်းထဲက မိန်းကလေးတွေကိုလဲ သူတို့ဝါးပြီးသား ပီကေတွေနဲ့ကပ်ချင်ကြတယ်။ နောက်ပြီး မခံချင်အောင်လဲ အမျိုးမျိုးစချင်ကြသေးသတဲ့ကွယ်။

ကြောက်တတ်တဲ့သူတွေဆို သူတို့နှစ်ယောက်က ပိုပြီးတော့ စနောက်ချင်ကြသတဲ့။ အကောင်လေးတွေကိုကြောက်တတ်တဲ့သူဆိုရင် အိမ်မြှောင်တွေနဲ့လိုက်တို့ပြီး သူများတကာကြောက်နေတာကိုကြည့်ပြီး လှောင်ပြောင်ရယ်မောလေ့ရှိကြတာပေါ့ကွယ်။

တစ်နေ့ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်မှာတော့ သူငယ်ချင်းဖြစ်တဲ့ မောင်သိန်းဆီကိုအလည်သွားဖို့ ဖိုးကောက်နဲ့ ငထွန်းက တိုင်ပင်ကြတာပေါ့။ ဒီလိုနဲ့ သူတို့နှစ်ယောက်သား မောင်သိန်းတို့အိမ်ကို ရောက်ခဲ့ကြတော့တယ်။

"ဟော့ . . . မောင်သိန်းရေ ငါတို့ မင်းနဲ့အတူတူ ကစားရအောင်လို့ လာလည်တာကွ။ ကစားမယ် မဟုတ်လား ဟင်"

ဖိုးကောက်နဲ့ ငထွန်းကိုမြင်တော့ တစ်ယောက်တည်း ပျင်းခြောက်ခြောက်ဖြစ်နေတဲ့ မောင်သိန်းခမျာ အားရဝမ်းသာနဲ့ ကြိုဆိုရှာတာပေါ့ကွယ်။

ဒါပေမဲ့ မောင်သိန်းရဲ့အမေကတော့ ဖိုးကောက်တို့နှစ်ယောက်နဲ့ သူ့သားကို အပေါင်းအသင်းမလုပ်စေချင်ဘူးပေါ့ကွယ်။ ဒါကြောင့်မို့လဲ အခုလို သတိပေးစကားပြောလိုက်တာပေါ့။

"ဖိုးကောက်နဲ့ ငထွန်း မင်းတို့တွေ ကစားမှာဆို အိမ်မှာပဲ အေးအေးလူလူကစားကြနော်။ ဗရုတ်သုတ်ခတွေ လျှောက်မလုပ်ကြနဲ့ ကြားလား"

"ဟုတ်ကဲ့ ဟုတ်ကဲ့"လို့ဆိုပြီး နှစ်ယောက်သား အလွယ်တကူ ကတိပေးလိုက်ကြသတဲ့။

နောက် လူကြီးတွေအလုပ်ရှုပ်နေခိုက်ကို ချောင်းထဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ရွာရဲ့အနောက်ဘက်က ကန်ကိုဖြစ်ဖြစ်သွားဖို့ ဖိုးကောက်က စဖောက်ပါတော့တယ်။



ဒီလိုနဲ့ သူငယ်ချင်းသုံးယောက် ရွာအနောက်ဘက်က ကန်ကို ရေကူးဖို့ရာ ရောက်လာခဲ့ကြသတဲ့ကွယ်။ ကန်စပ်မှာအသင့်ရှိနေတဲ့ သစ်တုံးကြီးကိုလဲ မျှောပြီးစီးဖို့ရာ ဖိုးကောက်နဲ့ငထွန်းက တိုင်ပင်ထားကြသေးသတဲ့။

မောင်သိန်းကတော့ သူ့မိဘတွေရဲ့ခွင့်ပြုချက်မရှိဘဲ ဘယ်ကိုမှ သိပ်ပြီးထွက်လေ့မရှိတဲ့သူပါ။ ဒီတစ်ခါတော့ သူငယ်ချင်းတွေရဲ့ခေါ်ရာနောက်ကို အရဲစွန့်လို့ လိုက်ပါလာခဲ့တော့သတဲ့။ ကန်ကိုရောက်တဲ့အခါ ဖိုးကောက်နဲ့ ငထွန်းက ပုဆိုးကိုယ်စီ စလွယ်သိုင်းပြီး သစ်တုံးကြီးပေါ်ကနေ ဒိုင်ဗင်ထိုးလိုက်၊ ရေကူးလိုက်နဲ့ ပျော်နေကြသတဲ့။ ရေမကူးတတ်တဲ့ မောင်သိန်းခမျာ သစ်တုံးကြီးကိုဖက်တွယ်ပြီး မဝံ့မရဲနဲ့ ရေကူးလေ့ကျင့်လို့နေတာပေါ့ကွယ်။

ဖိုးကောက်နဲ့ ငထွန်းက သူတို့လိုဒိုင်ဗင်ထိုးချပြီး ရေကူးဖို့ မောင်သိန်းကို ပြောကြတာပေါ့။ ဒါပေမဲ့ ရေမကူးတတ်တဲ့မောင်သိန်းခမျာ သစ်တုံးကြီးအနားက တစ်ဖဝါးမှ မခွာဘူးတဲ့။ ဒီတော့ ဖိုးကောက်နဲ့ငထွန်းက အကြောက်ကြီးနေတဲ့ မောင်သိန်းကို စချင်တဲ့စိတ်ဖြစ်ပေါ်လာတော့သတဲ့။ ဒါနဲ့ သစ်တုံးကြီးကိုတဖြည်းဖြည်း ရေလယ်ထိ ဆွဲသွားကြတာပေါ့ကွယ်။ ရေလယ်ကိုရောက်တော့မှ သစ်တုံးပေါ်မှာ တွယ်ကပ်နေတဲ့ မောင်သိန်းကို ရေထဲပြုတ်ကျအောင်စနောက်ကြသတဲ့။

ဒါပေမဲ့ သစ်တုံးကြီးကို မြဲအောင်ဖက်တွယ်ထားတဲ့ မောင်သိန်းက ရေထဲကိုပြုတ်မကျဘဲ ဖိုးကောက်နဲ့ ငထွန်းသာ ရေထဲကို အပြိုင်ကျသွားတော့သတဲ့။ သူတို့ခန္ဓာကိုယ်ပေါ်မှာ ပုဆိုးတွေ ကိုယ်စီစလွယ်သိုင်းထားကြတဲ့အတွက် တစ်ယောက်နဲ့တစ်ယောက်အပြိုင်ဆွဲရင်းရုန်းရင်းနဲ့ ရေကူးလို့မရဖြစ်ပြီး ရေနစ်နေကြသတဲ့ကွယ်။

မောင်သိန်းလဲ သစ်တုံးကြီးပေါ်မှာနေပြီး ကြောက်လန့်တကြား အော်ဟစ်အကူအညီတောင်းရှာတော့တာပေါ့။

"ကယ်ကြပါအုံးဗျို့ . . . ဒီမှာ ကျွန်တော့်သူငယ်ချင်းနှစ်ယောက်ရေနစ်နေလို့ ကယ်ကြပါအုံး"

မောင်သိန်းရဲ့အကူအညီလှမ်းတောင်းသံကို ကြားတဲ့ နွားကျောင်းသားတစ်ယောက်က ရေထဲကိုပြေးဆင်းပြီး ကလေးတွေရဲ့အသက်ကို ကယ်တင်ပေးခဲ့လိုက်သတဲ့ကွယ်။

ဖိုးကောက်နဲ့ ငထွန်းလဲ အသက်ဘေးကနေ သီသီကလေးလွတ်မြောက်လာပြီးတဲ့နောက် တော်တော်လေးကြောက်သွားကြတာပေါ့။ အဲဒီနောက် သူများတွေကိုလိုက်ပြီး စနောက်တတ်တဲ့အကျင့်ကို ပြုပြင်ပြောင်းလဲလိုက်ကြတော့သတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ ကလေးတို့တွေလဲ သူများရဲ့ ကြောက်တတ်တဲ့ အားနည်းချက်ကို အခွင့်ကောင်းယူပြီး စနောက်တာမျိုးကို မလုပ်မိကြဖို့ လိုပါတယ်။ လုပ်ခဲ့မိရင်လဲ တစ်နေ့ ဖိုးကောက်နဲ့ ငထွန်းတို့လိုမျိုး ကိုယ့်အပေါ်မှာ ဘေးအန္တရာယ်တွေကျရောက်တတ်လေ့ရှိတယ်ဆိုတာ ဒီပုံပြင်လေးက သက်သေပါပဲကွယ်။ **ကျော်စိုးလင်း(အ.လ.တ)**


## ရေချမ်းစင်

♦ ပင်ကုက္ကိုလောင်းရိပ်မိုးမှာပေါ့
ရေအိုးစင်နေရာယူ၊

♦ နွေနေပူ
များသူငါသောက်သုံး၊

♦ သဒ္ဓါမှန်ရေချိုဖြည့်တဲ့
ကုသိုလ်ရှင်သူ့စိတ်ထားကို
အားရမဆုံး။ ။

**မိုးလွင်မိုး(တောင်ကုတ်)**



## မှိတ်တုတ်မှိတ်တုတ် ကြယ်ကလေး



♦ ကြယ်ကလေးက ကောင်းကင်မှာ
မှိတ်တုတ်မှိတ်တုတ်ပါ၊
နေ့ခင်းချိန်ခါ မမြင်ရ
ညဘက်ကျမှဗျ။

♦ လပြည့်ညတွင် သူ့ရောင်ဝါ
ထိန်ဝါမလင်းပါ၊
လကွယ်ညမှာ လမ်းပြပေး
မှိတ်တုတ်မှိတ်တုတ် ကြယ်ကလေး။ ။

**ရောင်နီ(ထန်းတော)**



# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၅-၄-၂၀၂၃** ရက်နေ့မှစတင်၍ **၂၄-၆-၂၀၂၃** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဇွန်လ ၂၉ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့် အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။




## ရွှေလီဦး

အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး

မန္တလေး ⇌ မူဆယ်

**အန်စာတုံးများဖြင့် (၁-၅-၂၀၂၃)နေ့မှ စ၍ ပြေးဆွဲမည်။**

မူဆယ်ထွက်ချိန် - နံနက်(၇း၀၀)နာရီ

မန္တလေးထွက်ချိန် - နံနက်(၇း၀၀)နာရီ

| မန္တလေးလက်မှတ်အရောင်းဌာန | မူဆယ်လက်မှတ်အရောင်းဌာန |
|---|---|
| ပြည်ကြီးမျက်ရှင်၊ အခန်း(မ-၈)မြေညီထပ်<br>ဖုန်း → 09-2050103<br>09-2050951<br>09-429227127<br>မန္တလေးမြို့တွင်း(၈၁×၃၃လမ်းဒေါင့်)<br>ဖုန်း → 09-91023192<br>09-9102319 | မူဆယ် နာရီစင်လမ်းကြား<br>ဖုန်း → 082-52359<br>09-429227127<br>မူဆယ်-သိန်းသန်းချိကားဝင်း(J/4)<br>ဖုန်း → 09-2050954<br>09-262004223<br>09-2050104 |

ဂိတ်ပိုင်ဖုန်း → 09-2004223
09-402511585

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ အထက(နွားကန်)၂၀၂၂-၂၀၂၃ ပညာသင်နှစ် Grade-11(အောင်)မှ မငြိမ်းအိလင်း၊ ကျောင်းဝင်အမှတ်(၂၉၅၃)၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမြင့်လှိုင် (၉/ဝတန(နိုင်)၁၂၁၈၅၀)ဖြစ်ပါကြောင်း။

ဦးမြင့်လှိုင်(၉/ဝတန(နိုင်)၁၂၁၈၅၀)

## ပျောက်ဆုံးကြောင်း

ခိုင်းကိုင်မြို့နေ မစိုးစိုးဆိုက် (၁၃/မကန(နိုင်)၀၀၀၁၆၁)၏ နိုင်ငံသားလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၀၂၆၃၅၇၅၁

## မီး သတိပြု

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ MSME လုပ်ငန်းတွင် ကဏ္ဍလေးခုရှိ ....

❖ ထုတ်လုပ်ခြင်း၊ရောင်းဝယ်ခြင်း၊ဝန်ဆောင်မှုပြုလုပ်ခြင်းနှင့် အခြားလုပ်ငန်းရပ်များပင်ဖြစ် ....

❖ ထုတ်လုပ်မှုမရှိနိုင်ဘဲနှင့် ရောင်းဝယ်မှုမရှိနိုင်၊ ရောင်းဝယ်မှုမရှိပါက ဝန်ဆောင်မှုလဲမရှိနိုင် ....

❖ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် အရေးကြီးလိုအပ်ချက်ပင်ဖြစ် ....

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၉/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက တာချီလိတ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာချီလိတ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် တာချီလိတ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ

**စာမျက်နှာ ၁၇ ကော်လံ ၂** ☆

Quality For You VEGA **ဗီဂါ** ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး

ပစ္စည်းထည့်ပုံးအမျိုးမျိုး

ရေချိုးခန်းသုံးပစ္စည်းများ

ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၁၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၁၅၂၆၂၄၉